မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၂) အမှတ် (၁၃၃)

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ပြာသိုလကွယ်နေ့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ တနင်္ဂနွေနေ့။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ထစ်ချုန်းရွာနိုင်သည်။

တိမ်အသင့်အတင့်

၁၀-၂-၂၀၁၃

နေပြည်တော် နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

လူ့အဖွဲ့အစည်းတွင် တရားဥပဒေစိုးမိုးမှုသာ တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှု၊ ဒီမိုကရေစီရရှိမှုတို့ရရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံသည် နိုင်ငံရေးနှင့် စီးပွားရေးပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် ကဏ္ဍအလိုက်ဆောင်ရွက်လျက်ရှိရာ တရားဥပဒေစိုးမိုးရေးသည် ပြောင်းလဲမှုဖြစ်စဉ်များအတွက် အလွန်အရေးကြီးပါကြောင်း၊ တရားဥပဒေစိုးမိုးရေးဆိုရာတွင် တရားစီရင်ရေးကဏ္ဍသာမက စီးပွားရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍများတွင် တရားဥပဒေစိုးမိုးရေးလည်းပါဝင်ပါကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆောင်ရွက်သူများနှင့် အကျိုးစပ်ဆိုင်သူများသည် တရားဥပဒေစိုးမိုးရေးအား အကောင်အထည်ဖော်ဆောင်ရွက်ရန်တာဝန်ရှိပါကြောင်း ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥရောပသမဂ္ဂတို့ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်နှင့် ရှေ့အလားအလာ (Rule of Law in Myanmar ; Perspectives and Prospects) ဆွေးနွေးပွဲဖွင့်ပွဲ အဖွင့်မိန့်ခွန်း ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်နှင့် ရှေ့အလားအလာ (Rule of Law in Myanmar ; Perspectives and Prospects) ဆွေးနွေးပွဲဖွင့်ပွဲတွင် အဖွင့်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်သမ္မတရုံးမှ ဥပဒေပညာရှင်များ၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ ဥရောပသမဂ္ဂမှ ကိုယ်စားလှယ်များနှင့် နိုင်ငံတကာမှ ဥပဒေပညာရှင်များ၊ ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရှေ့နေချုပ်က ယခုဆွေးနွေးပွဲသည် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုနှင့်အညီ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ၌ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်ကို ပြသလိုက်ခြင်းပင်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥရောပသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှု၏ သမိုင်းတွင်မည့် ပထမဆုံးကျင်းပသည့် ဆွေးနွေးပွဲတစ်ရပ်လည်း ဖြစ်ပါကြောင်း။

တရားဥပဒေစိုးမိုးရေး ဆိုင်ရာအခြေခံမူတွင်လွတ်လပ်မှု၊ ကျင့်ဝတ်မှန်ကန်မှု၊ သာတူညီမျှမှု၊ ရိုးသားဖြောင့်မတ်မှု၊ ဘက်မလိုက်မှု၊ ကျိုးကြောင်းဆီလျော်မှု၊ အရည်အချင်းပြည့်ဝမှု၊ လုံ့လဝီရိယရှိမှုတို့ ပါဝင်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေး၏ အချက် (၇)ချက်မှာ လွတ်လပ်၍ တည်ငြိမ်သော လူ့ဘောင်အဖွဲ့အစည်း အုပ်ချုပ်မှုအတွက် လွန်စွာအရေးပါသော အချက်များဖြစ်ပါကြောင်း၊ ထိုအချက်များမှာ သင့်လျော်သော ဥပဒေရေးရာဖြစ်စဉ်မရှိဘဲ မည်သူ့ကိုမျှ အပြစ်မပေးနိုင်ခြင်း၊ ဥပဒေရှေ့မှောက်၌ အားလုံးသာတူညီမှု ဖြစ်ခြင်း၊ တရားသူကြီးများသည် ဘက်လိုက်မှုကင်းပြီး လွတ်လပ်စွာ တရားစီရင်ရခြင်း၊ ညှဉ်းပန်းနှိပ်စက်မှု နည်းလမ်းကို အသုံးပြု၍ အပြစ်ဝန်ခံစေခြင်းကို လက်မခံခြင်း၊ မည်သည့်အကျဉ်းသားမဆို တရားရုံးရှေ့မှောက်တွင် ၎င်းအားထိန်းသိမ်းထားမှုအတွက် ခုခံချေပနိုင်ခွင့်ကို မနှောင့်နှေးစေဘဲ

စာမျက်နှာ ၉ ကော်လံ ၁

စုံစမ်းစစ်ဆေးရေးကော်မရှင် သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စုံစမ်းစစ်ဆေးရေးကော်မရှင်

သတင်းထုတ်ပြန်ချက်အမှတ် (၃/၂၀၁၃)

၁၃၇၄ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

၁။ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ပဉ္စမအကြိမ်မြောက် စုံညီအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့ ၁၃း၃၀ ချိန်တွင် လွှတ်တော်ဝင်း(အိုင် ၁၂)အဆောင်တွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် အပြီးသတ်အစီရင်ခံစာ ပြုစုရေးနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ ထို့သို့ဆွေးနွေးရာတွင် ကော်မရှင်ဥက္ကဋ္ဌက အပြီးသတ်အစီရင်ခံစာ ရေးဆွဲရာတွင် ကျင့်သုံးရမည့် အခြေခံမူများနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားခဲ့ရာ ထိုအခြေခံမူများပေါ်တွင် အစည်းအဝေးတက်ရောက်ကြသော ကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြပါသည်။

၂။ အစည်းအဝေးသို့ ကော်မရှင်ဥက္ကဋ္ဌမှ ကွင်းဆင်းရန် တာဝန်ပေးချက်အရ ကွင်းဆင်းခဲ့ကြသော ကော်မရှင်အဖွဲ့ဝင်တို့က ဇန်နဝါရီလ ၂၄ ရက်နေ့နှင့် ၂၅ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်ရှိ သီတဂူအာယုဒါနဆေးရုံတွင် ဆေးကုသမှုခံယူနေကြသော သံဃာ (၆) ပါး၏ ကျန်းမာရေးအခြေအနေနှင့် မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ကံကုန်းကျေးရွာမှ နာမကျန်းဖြစ်သဖြင့် ရန်ကုန်ကလေးဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူခဲ့ပြီး ကျေးရွာသို့ ပြန်လည်ရောက်ရှိခဲ့သော ကလေးသူငယ် (၄) ဦးတို့၏ ကျန်းမာရေးအခြေအနေတို့နှင့်ပတ်သက်ပြီး လေ့လာတွေ့ရှိချက်များကို ကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၃။ ထို့အပြင် ကော်မရှင်အဖွဲ့ဝင်တို့သည် ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ၇ ရက်နေ့အထိ ထပ်မံကွင်းဆင်းလေ့လာပြီး သီတဂူအာယုဒါနဆေးရုံတွင် ဆေးဝါးကုသနေကြသော သံဃာတော်များ၏ ကျန်းမာရေးအခြေအနေကိုလည်းကောင်း၊ မုံရွာခရိုင်၊ မုံရွာဆေးရုံတွင် အုတ်ကန်ပြိုကျပြီး ထိခိုက်ဒဏ်ရာရရှိသဖြင့် ဆေးကုသခံနေသူ အမျိုးသမီးကြီး၏ ကျန်းမာရေးအခြေအနေကိုလည်းကောင်း ကော်မရှင်သို့ တင်ပြခဲ့ပါသည်။ သီတဂူအာယုဒါနဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသော သံဃာ (၆)ပါးအနက် (၃)ပါးသည် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဆေးရုံဆင်းသွားပြီးဖြစ်ကြောင်းလည်း သိရှိရပါသည်။

၄။ ကော်မရှင်အား နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၉၅/၂၀၁၂)ဖြင့် ဖွဲ့စည်းတာဝန်ပေးခဲ့ရာတွင် ကော်မရှင်အနေဖြင့် နိုင်ငံတော်သမ္မတထံသို့ ကြားဖြတ်အစီရင်ခံစာကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလကုန်တွင် တင်သွင်းရန် သတ်မှတ်ပေးခဲ့ပါသည်။ ထိုတာဝန်ပေးချက်အရ ကော်မရှင်အနေဖြင့် ကြားဖြတ်အစီရင်ခံစာကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် နိုင်ငံတော်သမ္မတထံသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။ နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခဲ့သော ကော်မရှင်၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်အမှတ် (၂/၂၀၁၃) တွင်လည်း အဆိုပါ အစီရင်ခံစာသည် ကြားဖြတ်အစီရင်ခံစာသာဖြစ်ကြောင်း၊ ထုတ်ပြန်ကြေညာရန် မဟုတ်ကြောင်းဖြင့် ရှင်းလင်းဖော်ပြခဲ့ပါသည်။ ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်သည့်အခါမှသာ အသေးစိတ် အချက်အလက်တို့ကို ထုတ်ပြန်ကြေညာမည်ဖြစ်ပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

စုံစမ်းစစ်ဆေးရေးကော်မရှင်

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်

FARMER Authorized MONEY CHANGER

Licence No-CBM-FEMD-19/2012

Open Daily 7:30 AM to 9:00 PM

•Head office- No.187, Bo Myat Tun St, Botahtaung Township, Yangon, Myanmar. Tel : (95)-(1)-398944, 398945, Fax : (95)-(1)-9000220, E-mail : farmermoneychanger@gmail.com

•Branch Counter - Chatrium Hotel, Yangon. Tel : 09-85513368- Open Daily 6:00 AM to 9:00 PM

•Mandalay Branch - No.125, 30th Street, Between 65th Street & 66th Street, Minkhon Nursing Home Building, Chan Aye Tharzan Tsp, Mandalay. Tel : 02-74297, 09-8568768.

E-mail: fpyzmoneychanger@gmail.com

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စုစည်းခြင်းအကျိုး

ဤလောကၡ် စုစည်းစွာပေါက်ရောက်နေသော သစ်ပင်သစ်တောတို့သည် တစ်ပင်နှင့်တစ်ပင် ယှက်သန်း၍ လေပြင်းမုန်တိုင်းတို့ဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်းရှိကြ၏။ တစ်ပင်နှင့်တစ်ပင်သည် အပြန်အလှန် အမှီသဟဲပြုနေကြ၏။ တစ်ပင်၏အကျိုးကို တစ်ပင်က သယ်ပိုးပေးနေကြ၏။ မည်မျှပင်လေပြင်းမုန်တိုင်းတို့ တိုက်ခတ်စေကာမူ အစုအဖွဲ့နှင့်ရှိနေသော သစ်ပင်သစ်တောတို့ကို ပျက်စီးခြင်းကား မစွမ်းနိုင်ပေ။

သို့ရာတွင် စိမ်းစိုဖွံ့ထွား လွန်ကြီးမားသည့် သစ်ပင်ကြီးများသည် လွင်တီးခေါင်အရပ်၌ တစ်ပင်တည်းရှိသောအခါ လေပြင်းမုန်တိုင်းတို့၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်းမရှိချေ။ အသီး၊ အခက်အလက်၊ အရွက်၊ အပွင့်တို့နှင့် ပြည့်စုံလှသည့် အပင်ကြီးတို့သည် ပင်စည်ဝဖြိုး ဂုဏ်မာန်တိုးကြ၏။ အခြားတကာအပင်တို့ထက် ကြီးမားမှုကို အကြောင်းပြု၍ ဂုဏ်မာန်တက်တတ်ကြ၏။ ဝင့်ကြွားတတ်ကြ၏။ သို့သော် လေပြင်းတို့ နှိပ်စက်လေသောအခါ အသီးအရွက်တို့သည် လွင့်ပျံ့ပျက်စီးကုန်၏။ အကိုင်းအခက်တို့ ကျိုးကြေကုန်၏။ အဆုံး၌ အမြစ်မှလှန်၍ ဖြိုလဲခြင်းကိုလည်း ခံရ၏။ ဤကား အားအင်ကြီးမားမှုကို အကြောင်းပြု၍ ဂုဏ်မာန်တက်သူတို့၏ သွားရာလမ်းပေတည်း။

လူ့ဘောင်လောကတွင်လည်း ဤသို့ပင်ဖြစ်၏။ ဥစ္စာနေ ဂုဏ်ရှိန်ဝါတို့ကို အကြောင်းခံ၍ ငါသာလျှင် အချမ်းသာဆုံး၊ ငါသာလျှင် ရာထူးဂုဏ်ဒြပ်အရှိဆုံး၊ ငါလောက်တော် ငါလောက်တတ်သူ ဤဌာန၊ ဤရပ်ကွက်၊ ဤမြို့ ဤရွာ၌ မရှိပြီဟု ယူဆကြလျက် ဂုဏ်မာန်ဝင့်ကြွားတတ်ကြ၏။ အခြားသူတို့အား အဖက်မတန် ပြုမူဆက်ဆံတတ်ကြ၏။ လူတို့၏ သာမှု နာမှု အရေးကိစ္စအမျိုးမျိုး ကြုံကြိုက်လာသည့်အခါ အပေါင်းအဖော် ပြုကြသူမရှိကြတော့သဖြင့် အထီးကျန်ဘဝသို့ ရောက်ရလေတော့သည်။

အပင်တို့သည် မည်မျှပင် စည်ပင်ဖွံ့ဖြိုးခြင်းမရှိစေကာမူ အစုအဖွဲ့ အအုပ်တို့ဖြင့် ရှိလေသောကြောင့် တင့်တယ်လှပေ၏။ လေပြင်းတို့၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်၏။ ဤကား စုစည်းခြင်း၏ အားပင်ဖြစ်၏။ လူတို့သည်လည်း ဤသို့ပင်ဖြစ်၏။ အစုအဖွဲ့နှင့် နေထိုင်ခြင်းနှင့် တစ်ကိုယ်တည်း ဂုဏ်မာန်ဝင့်၍ နေထိုင်ခြင်း ကားကွာ၏။ အစုအဖွဲ့နှင့်နေထိုင်သူများက ကူညီသူများပေါ၏။ ချစ်ခင်သူများပေါ၏။ တစ်ဦးတည်း နေထိုင်သူကား ကူညီမည့်သူနည်း၏။ ကိုယ်က ဘက်မတန်၍ မဆက်ဆံလျှင် အများကလည်း အဖော်ပြုမည်မဟုတ်။ ကိုယ်က အပေါင်းအဖော်လုပ်မှ သူများကလည်း အပေါင်းအဖော်ပြု၏။ ထို့ကြောင့် လူတိုင်းလူတိုင်းသည် မည်မျှပင် ရာထူးဂုဏ်ဒြပ်၊ ချမ်းသာကြွယ်ဝ ပြည့်စုံစေကာမူ အများနှင့်ပေါင်းသင်းဆက်ဆံခြင်းကို အလေးထားအပ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာ သန်း ၅၀၀ အထိမြှင့်တင်ရန် ရည်မှန်းထား

နေပြည်တော် ဖေဖော်ဝါရီ ၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား အင်ဒိုနီးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr. Rizal Affandi Lukman ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Sebastianus Sumarsono နှင့်အတူ ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတကြီး၏ ၂၀၁၁ ခုနှစ် မေလက အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ ရည်မှန်းချက်ဖြစ်သည့် နှစ်နိုင်ငံကုန်သွယ်မှုပမာဏကို ၂၀၁၅ ခုနှစ်၌ အမေရိကန်ဒေါ်လာ သန်း ၅၀၀ အထိ မြှင့်တင်ရန် ရည်မှန်းချက်အား အကောင်အထည်ဖော်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်လိုပါကြောင်း၊ မိမိတို့ အစိုးရသစ် တက်လာသည့် ၂၂ လ အတွင်း ကမ္ဘာက အံ့သြလောက်အောင် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ လုပ်နိုင်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံအစိုးရသစ် ပြောင်းလဲမှုများနှင့်အတူ နှစ်နိုင်ငံအကြား ကုန်သွယ်မှု ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ယခုထက် ပိုမိုတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ကုန်သွယ်မှု မူဝါဒသစ် ရေးဆွဲခြင်းလုပ်ငန်းကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဆွေးနွေးပြောကြားပြီး အင်ဒိုနီးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် သံအမတ်ကြီးတို့ကလည်း မြန်မာနိုင်ငံမှ နိုင်ငံတော်သမ္မတကြီး အင်ဒိုနီးရှားသို့ ချစ်ကြည်ရေးခရီးလာရောက်စဉ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏ တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူထားခဲ့သည့်အတွက် ယခုကဲ့သို့ လာရောက်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မည်များကို ဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လက်ခံကျင်းပသွားမည်ဖြစ်ရာ လိုအပ်သည်များကို ကူညီပံ့ပိုးပေးလိုပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ အတွေ့အကြုံများကိုလည်း မျှဝေပေးနိုင်ပါကြောင်း၊ ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့အသံနှင့် ပြည်သူ့ဆန္ဒအပေါ် ဌာနဆိုင်ရာအချို့ ပိုမိုအလေးထားလာ

သတင်းနှင့်ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

ယနေ့ပြောင်းလဲလာသော ခေတ်စနစ်တွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူ့လွှတ်တော်အဆင့်ဆင့်သည် အများပြည်သူတို့၏အသံနှင့် ဆန္ဒကို အလေးထား ဆောင်ရွက်လာကြပြီကို ထင်သာမြင်သာ တွေ့မြင်လာရပြီဖြစ်သည်။

ထို့အတူ ဌာနဆိုင်ရာအချို့သည်လည်း အများပြည်သူတို့၏ အသံနှင့် ဆန္ဒကို မမှိတ်သောမျက်စိ၊ စွင့်သော နားဖြင့် အစဉ်ကြည့်မြင် နားထောင်၍ လုပ်ဆောင်ပေးနိုင်သည့် အခွင့်အလမ်းများပေါ်မူတည်ကာ လိုအပ်ချက်များကို မနှေးအမြန် ဆောင်ရွက်ပေးလာကြသည်ကို တွေ့မြင်လာရပြီဖြစ်ပါသည်။

ကိုးထပ်ကြီးဘုရားရှေ့ ခရီးသည် နားခိုဆောင်ကို ပြန်လည်တည်ဆောက်ပေးနေစဉ်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်း စာပါ ပြည်သူတို့၏ ဆန္ဒဖြစ်သော ကြည့်မြင်တိုင်မြို့နယ် (ဘောဂရပ်ကွက်ထိပ်)နှင့် စမ်းချောင်းမြို့နယ် (သီရိခေမာရပ်ကွက်ထိပ်)ရှိ နှစ်မြို့နယ် ပေါင်းကူးတံတားမှာ အန္တရာယ်ရှိလာ၍ ပြုပြင်ပေးရန် တောင်းဆိုလာမှုအပေါ် မြန်မာ့မီးရထားဌာနက အားချင်းပင် ဒီဇင်ဘာ ၁၆ ရက်က လာရောက်ကြည့်ရှုကြပြီး ပြုပြင်ပေးခဲ့သည်။

တစ်ဖန် ဇန်နဝါရီ ၂၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပါရှိလာသော စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားရှေ့ လိုင်းကားမှတ်တိုင်လေး ပြန်ဆောက်ပေးစေချင်ဆိုသည့် ခရီးသည်များ၏အသံနှင့် ဆန္ဒကိုလည်း အသိအမှတ်ပြုလျက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနက ဖေဖော်ဝါရီ ၆ ရက်တွင် ခရီးသည်များနားခိုဆောင်လေးတစ်ခုအား ပြန်လည်တည်ဆောက်ပေးနေသည်ကို မြင်တွေ့ခဲ့ရသည်။

သို့အတွက် ခရီးသွားပြည်သူများက ကျေနပ်ဝမ်းသာလျက်ရှိနေသည်ကို အကြောင်းပြုကာ ယနေ့ကာလသည် အများပြည်သူတို့၏ အသံနှင့်ဆန္ဒကို ဌာနဆိုင်ရာအချို့ ပိုမိုအလေးထားဆောင်ရွက်ပေးနေသည့် မြင်ကွင်းတို့ကို ကွင်းဆင်းရှုမြင်လျက် တင်ပြရေးသားလိုက်ရပါသည်။

ထင်သာမြင်သာ ပြုပြင်စရာ

မူ-မူ့၊ စု-စု့၊ ပြု-ပြု့

"ကောင်းမူ" ကို "ကောင်းမူ့"ဟု စာတန်းထိုးထားသည်များကို လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်မှစ၍ စာရေးသူသတိပြုမိခဲ့ပါသည်။ "မူ" ကို "မူ့"ဟု ရေးသားခြင်းများသည် တစ်စထက်တစ်စ များပြားလာပြီး စာမေးပွဲအဖြေလွှာများ၊ ရုံးစာများ၌လည်း "မူ့" ကိုသာမက "ပြုစု" ကို "ပြုစု့"ဟုလည်းကောင်း၊ "ကြည့်ရှု" ကို "ကြည့်ရှု့"ဟုလည်းကောင်း ရေးသားထားသည်များကို အံ့သြဖွယ် ထပ်မံတွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် ကျောင်းမှ တပည့်များ၊ ရုံးမှ ဝန်ထမ်းများအား -မ တစ်ချောင်းငင် မု-သည် မူလကပင် အောက်မြစ်အသံထွက်ပါထားပြီး ဖြစ်သဖြင့် အောက်မြစ်ထပ်ထည့်ရန် မလိုတော့ကြောင်း၊ တစ်ချောင်းငင်ပါသည့် စာလုံးပေါင်းတိုင်းတွင် အောက်မြစ်လုံးဝမပါရှိကြောင်း "မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း"တွင် ကြည့်ရှုနိုင်ကြောင်း ရှင်းပြခဲ့ပါသည်။ ယခုနောက်ဆုံး နှစ်ပတ်လည်မဂ္ဂဇင်းသို့ ပေးပို့လာသော စာမူများအား ရွေးချယ်ရာတွင် စာမူတစ်ခု၌ "ပြု" ကိုပင် "ပြု့"ဟု (အောက်မြစ်ထည့်၍) ရေးသားထားသည်ကို တွေ့ရှိရပြန်ပါသည်။ အမှားများကို မြင်တွေ့ရဖန်များလျှင် မှန်နေသူများပါလိုက်၍ မှားကြမည်ကို အလွန်စိုးရိမ်မိပါသည်။ အထူးသဖြင့် ကျောင်းသား ကျောင်းသူများအား သင်ကြားပြသနေကြသည့် ဆရာ ဆရာမများက အမှားကို အမှန်မထင်ကြရန်၊ ကလေးများအား အမှန်များကိုသာ သင်ကြားပေးရန် အထူးဂရုစိုက် အလေးထားဖို့ အရေးကြီးပါသည်။

(တက္ကသိုလ်ဆရာတစ်ဦး)

ဘဝအမောပြေ

နွေရာသီကိုစောင့်နေတယ်

တစ်နေ့တွင် ဖနီးမောင်နှံနှစ်ဦးသည် မော်ဒန်ပန်းချီပြခန်းတစ်ခုသို့ သွားရောက်လည်ပတ်ကြသည်။ ပြခန်းထဲတွင် သစ်ရွက်များဝတ်ထားသော ချောချောလှလှ မိန်းမပျိုလေးတစ်ဦး၏ပုံကို တွေ့ရသည်။ ဖနီးဖြစ်သူမှာ ထိုပန်းချီကားကို မကြိုက်ချေ။ သို့သော် ခင်ပွန်းဖြစ်သူမှာ ပန်းချီကားရှေ့မှ မခွာနိုင်ဖြစ်နေသည်။ ဖနီးဖြစ်သူမှာ စိတ်တိုလာပြီး…

ဖနီး ။ ။ သွားမယ်ရှင့်။ ရှင်ကဘာစောင့်နေတာလဲ။

ခင်ပွန်း ။ ။ ဟာ. . . မလောစမ်းပါနဲ့ကွာ။ ငါဒီမှာ နွေရာသီရောက်အောင် စောင့်နေတာကွ။

ဖနီး ။ ။ ဟင်။

MMH – ရေးသားသည်

သစ်ပင်စိုက်လျှင် ဒို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ပြည်တွင်းသတင်း

မြန်မာ-မလေးရှား သိပ္ပံနှင့်နည်းပညာရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၉

သုတေသနတွေ့ရှိချက်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ သတင်းအချက်အလက်များနှင့် စာရွက်စာတမ်းများ အပြန်အလှန်ဖလှယ်ခြင်း အပါအဝင် ပူးတွဲသုတေသနများ ဆောင်ရွက်ခြင်း၊ တီထွင်ထုတ်လုပ်မှုနှင့် ဒီဇိုင်းစီမံကိန်းများ၊ ပူးတွဲစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် သိပ္ပံပညာရှင်များ၊ အထူးကျွမ်းကျင်သူများနှင့် သုတေသီများ ဖလှယ်ခြင်း၊ သိပ္ပံဆိုင်ရာပူးတွဲညီလာခံများ၊ စာတမ်းဖတ်ပွဲများ၊ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ ပြပွဲများ ပူးတွဲကျင်းပခြင်းနှင့် ပူးတွဲစီမံကိန်းများ၏ စာချုပ်ဝင်ကဏ္ဍအသီးသီးမှ သိပ္ပံဆိုင်ရာ သုတေသနကိရိယာများနှင့်ပစ္စည်းကိရိယာများအား ဘုံအသုံးပြုခြင်းစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားကြရန် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများအကြား သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးနှင့် မလေးရှားနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ကြံဆမှုဝန်ကြီးဌာန ဝန်ကြီး Dr. Maximus Johnity Ongkili တို့သည် ဖေဖော်ဝါရီ ၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးသည် မလေးရှားနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ကြံဆမှုဝန်ကြီးဌာန ဝန်ကြီးနှင့် Multimedia Development Corporation (MDeC)၊ Biotech Corp၊ MIMOS သုတေသနဌာနတို့မှ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(ဝဲပုံ) (သတင်းစဉ်)

အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် အားကစားသမားများ တည်းခိုနားနေမည့်အိပ်ဆောင်များနှင့် စားသောက်ခန်းမများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၉

နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက် အားကစားရွာရှိ အားကစားသမားများ တည်းခိုနေထိုင်မည့် Cluster ၁၀ ခု၊ Cluster များရှိ အားကစားသမားများအား ကျွေးမွေးဧည့်ခံမည့် ထမင်းစားဆောင်များနှင့် မီးဖိုဆောင်များကို (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး၊ တည်းခိုနေထိုင်ရေးနှင့် အစားအသောက်ဧည့်ခံကျွေးမွေးရေး ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ယနေ့နံနက် ၇ နာရီခွဲတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများ၊ နည်းပြအုပ်ချုပ်သူများ၊ ဒိုင်လူကြီးများ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးကိစ္စများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် အားကစားသမားများ တည်းခိုနေထိုင်မည့် နှစ်ထပ်အိပ်ဆောင်များတွင် ထားရှိသည့်ပရိဘောဂများ၊ အိပ်ဆောင်သုံးပစ္စည်းများ၊ စားသောက်ခန်းမနှင့် မီးဖိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အိပ်ဆောင်များ သန့်ရှင်းသာယာလှပရေး၊ ထမင်းစားဆောင်နှင့် မီးဖိုဆောင်များ သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေး၊ မီးဘေးအန္တရာယ်မဖြစ်စေရေးတို့ကို ဂရုစိုက်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

တည်းခိုနေထိုင်

အဆိုပါ အားကစားရွာတွင် Cluster တစ်ခု၌ အဆောက်အအုံ ၁၀ လုံးစီဖြင့် Cluster စုစုပေါင်း ၁၀ ခု တည်ဆောက်ထားသည်။ အဆောက်အအုံ တစ်လုံးတွင် ယူနစ်ရှစ်ခုပါရှိပြီး တစ်ယူနစ်လျှင် နှစ်ယောက်အိပ်ခန်း သုံးခန်းပါရှိသောကြောင့် အားကစားသမား ၄၈ ဦးဖြင့် Cluster တစ်ခုတွင် အားကစားသမားပေါင်း ၄၈၀ တည်းခိုနေထိုင်နိုင်မည်ဖြစ်သည်။ Cluster တိုင်းတွင် ထမင်းစားဆောင်တစ်ဆောင်နှင့် မီးဖိုဆောင်တစ်ခုစီပါဝင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၄ ခုနှစ်၊ ပြာသိုလကွယ်နေ့ (ဥပုသ်နေ့)
၁၀-၂-၂၀၁၃ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၃၀ နံနက်ခင်းသတင်း
- ၇:၄၀ International News
- ၈:၀၅ SEA Games (Go for Gold) (တိုက်ကွမ်ဒို)
- ၈:၃၀ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်

နေ့လယ်ပိုင်း

- ၁၁:၁၀ တေးဂီတအစီအစဉ်
- ၁၁:၂၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
- ၁၁:၃၀ International News
- ၁၁:၄၀ မြန်မာရုပ်ရှင် **ချစ်မြေ** ကောလိပ်ဂျင်နေဝင်း၊ ညွန့်ဝင်း၊ ခင်ယုမေ၊ မေလှဲ့ဝင်း (ဒါရိုက်တာ-ဦးတင်ယု၊ ဦးတင်မောင်)
- ၁၄:၁၀ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်

ညပိုင်း

- ၄:၀၅ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၁၅ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၄:၃၀ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ဘောဂဗေဒဘာသာရပ်)
- ၆:၀၀ ညနေခင်းသတင်း
- ၇:၀၀ ပြည်တွင်းသတင်း
- ၇:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ရင်ဆိုင်မယ်နေ့ရက်များ** (ဒုတိယတွဲ) (အပိုင်း-၂၁)
- ၈:၀၀ ပြည်တွင်းသတင်း
  - နိုင်ငံတကာသတင်းသတင်းများ
  - မိုးလေဝသအခြေအနေ
  - နိုင်ငံခြားဇာတ်လမ်းတွဲ **ငါးပျံကိုယ်ရံတော်တပ်ဖွဲ့** (ဇာတ်သိမ်း)
- ၁၀:၀၀ ပြည်တွင်းသတင်း
  - ရင်ခုန်လက်ကမ်းတေးသစ်လမ်း

သတိပေးနှိုးဆော်ချက်

(၆၆)ကြိမ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ၁၀-၂-၂၀၁၃ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားနှင့် ၁၂-၂-၂၀၁၃ ရက်နေ့ ၀၅:၀၀အချိန်တွင် ပြည်သူ့ရင်ပြင်၌ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း ဆက်လက်မောင်းနှင်ရန် ကြိုတင်သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

နိုင်ငံတကာသတင်း

အီရန်က နျူကလီးယားတိုက်ရိုက်ဆွေးနွေးလိုလျှင် အင်အားကြီးနိုင်ငံများ အသင့်ဖြစ်နေဟုဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၉

အီရန်နိုင်ငံအနေဖြင့် ဖေဖော် ဝါရီ ၂၆ ရက်တွင် နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ တိုက်ရိုက်ဆွေးနွေးလာလျှင် အင်အားကြီးနိုင်ငံများအနေဖြင့် တုံ့ပြန်သွားရန်အသင့်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ဖေဖော်ဝါရီ ၈ ရက်တွင် ပြောကြားလိုက်သည်။

ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှားနှင့် အမေရိကန်တို့ပါဝင်သော အင်အားကြီးနိုင်ငံများက အီရန်နျူကလီးယားအစီအစဉ်အပေါ် အနောက်နိုင်ငံများ၏စိုးရိမ်မှုများ လျော့ပါးသက်သာစေရန် ယခုလအတွင်း ကာဇက်စတန်နိုင်ငံ အယ်လ်မာတီမြို့၌ အီရန်စေ့စပ်ညှိနှိုင်းရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားခဲ့သည်။

အမေရိကန်နှင့် ၎င်း၏မဟာမိတ်များက အီရန်နျူကလီးယားအစီအစဉ်အပေါ် သံသယဖြစ်နေသည်။ အီရန်နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက်ဆိုသော်လည်း နျူကလီးယားလက်နက်ထုတ်လုပ်လာမည်ကို စိုးရိမ်နေကြသည်။ အီရန်က ယူရေနီယံသန့်စင်စက်များ တပ်ဆင်ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း ကြေညာပြီးနောက် အနောက်နိုင်ငံများက ပို၍စိုးရိမ်လာကြသည်။ **(ရိုက်တာ)**

အီးယူ ခေါင်းဆောင်များ ဘတ်ဂျက်လျှော့ချရန် သဘောတူညီ

ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၉

ဥရောပသမဂ္ဂ(အီးယူ) ခေါင်းဆောင်များက ပေါင်ဒ် ၈၆၀ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈ ထရီလီယံ) တန်ဖိုးရှိ ခုနစ်နှစ်လျှော့ချဘတ်ဂျက်ကို ဖေဖော်ဝါရီ ၈ ရက်က သဘောတူညီလိုက်ပြီဖြစ်သည်။ ထိုသို့အသုံးစရိတ်ဘတ်ဂျက်များလျှော့ချခြင်းသည် ၂၇ နိုင်ငံအုပ်စု အီးယူသမိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်သည်။ (အပေါ်ပုံ)

အီးယူ ခေါင်းဆောင်များက ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ နှစ်ရက်ကြာ အကြိတ်အနယ်ဆွေးနွေးခဲ့ကြပြီးနောက် အီးယူကောင်စီ ဥက္ကဋ္ဌ ဟာမာန်းဗန်ရွမ်ပွိုင်းက သဘောတူညီချက်ကို ကြေညာလိုက်သည်။

အဆိုပါ လျှော့ချဘတ်ဂျက် ပမာဏသည် မူလကလျှော့ချရန် စီစဉ်ထားသည်ထက် ဘီလီယံ ၄၀ ခန့် လျှော့နည်းခဲ့သည်ဟုဆိုသည်။ အီးယူအဖွဲ့ဝင်နိုင်ငံများအနေဖြင့် စီးပွားရေးကျဆင်းမှုများနှင့် ရင်ဆိုင်နေရသည့်အတွက် အီးယူဘတ်ဂျက်ကို လျှော့ချခဲ့ရခြင်းဖြစ်သည်ဟု ၎င်းကပြောကြားသည်။ အဆိုပါလျှော့ချဘတ်ဂျက်သည် ၂၀၁၄ ခုနှစ်မှ ၂၀၂၀ အထိ ကာမိစေမည် ဟုဆိုသည်။ ၂၀၀၇ခုနှစ်မှ ၂၀၁၃ အီးယူဘတ်ဂျက်သည် ပေါင် ၉၇၅ ဒသမ ၇၇ ဘီလီယံရှိသည်။

ပြောကြား

ယင်းသဘောတူညီချက်သည် ကောင်းမွန်သင့်မြတ်ပါကြောင်း ဂျာမနီဝန်ကြီးချုပ်အိန်ဂျလာမာကဲလ်က ပြောကြားသည်။ **(ရိုက်တာ)**

အမေရိကန်အရှေ့မြောက်ပိုင်း နှင်းမုန်တိုင်းတိုက်ခတ်

နယူးယောက် ဖေဖော်ဝါရီ ၉

သမိုင်းတွင်သော ဆောင်းတွင်းမုန်တိုင်းတစ်ခု တိုက်ခတ်မှုကြောင့် အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဆီးနှင်းများထူထပ်စွာကျဆင်းခဲ့ပြီး နေရာဒေသအချို့တို့တွင် ဆီးနှင်းကျမှုမှာ သုံးပေ(ကိုးစင်တီမီတာ)အမြင့်အထိရောက်ရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၉ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဖြစ်ပေါ်လာ

အဆိုပါ ပြင်းထန်သည့် နှင်းမုန်တိုင်းများကြောင့် နယူးယောက်မှ ပျံသန်းမည့် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရပြီး ဓာတ်အားပြတ်တောက်မှုများလည်း ဖြစ်ပေါ်လာနိုင်သည်ဟုဆိုသည်။

ပြည်သူများကိုလည်း လမ်းများပေါ်သို့ မထွက်ကြရန်နှင့်အစားအစာနှင့် အခြားထောက်ပံ့မှုများကိုလည်း သိုမှီးထားကြရန် တာဝန်ရှိသူများက သတိပေးထားခဲ့သည်။ လေပြင်းများလည်း တစ်နာရီလျှင် ၇၅ မိုင်(၁၂၀ ကီလိုမီတာ)ကျော်အထိ ဖြည်းဖြည်းချင်း တိုက်ခတ်လာနိုင်သည်ဟုဆိုသည်။

သတိပေးထား

နယူးဂျာစီ၊ နယူးယောက်၊ မက်ဆာချူးဆက်၊ ရိုဒီကျွန်း၊ ကွန်နက်တီကပ်၊ နယူးဟမ့်ရှိုင်းယားနှင့် ဖိုင်းနီအထိတိုးချဲ့ကာ အဆိုပါနှင်းမုန်တိုင်းများဖြစ်ပေါ်မှုကို သတိပေးထားသည်ဟုဆိုသည်။ **(ဘီဘီစီ)**

ကမ္ဘာမြေစောင့်ကြည့်လေ့လာရေး ဂြိုဟ်တုသစ် နာဆာက မကြာမီလွှတ်တင်ရန် ပြင်ဆင်နေ

နာဆာ ဖေဖော်ဝါရီ ၉

အမေရိကန်အာကာသအေဂျင်စီ(နာဆာ)က ဖေဖော်ဝါရီ ၁၁ ရက်တွင် ကမ္ဘာမြေစောင့်ကြည့်လေ့လာရေးဂြိုဟ်တုတစ်လုံးလွှတ်တင်သွားရန်ပြင်ဆင်လျက်ရှိသည်။

နာဆာက ကမ္ဘာမြေကို နှစ်လေးဆယ်ကြာ စောင့်ကြည့်လေ့လာမည့် ဂြိုဟ်တုဖြစ်သည်။ ၎င်းဂြိုဟ်တုကို ကယ်လီဖိုးနီးယားလေတပ်အခြေစိုက်စခန်းမှ လွှတ်တင်မည်ဟုဆိုသည်။ အယ်လ်ဒီစီအမ်ဟု အမည်ပေးထားသောယင်းဂြိုဟ်တုသည် လင်းဆက်ဂြိုဟ်တု လွှတ်တင်ရေးအစီအစဉ်၏ရှစ်လုံးမြောက် ဂြိုဟ်တုဖြစ်သည်။ လင်းဆက်အမှတ် -၁ ဂြိုဟ်တုကို ၁၉၇၂ ခုနှစ်က စတင်လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၅၅ သန်းရှိ အယ်လ်ဒီစီအမ်မစ်ရှင်သည် နာဆာနှင့် အမေရိကန်ကမ္ဘာမြေလေ့လာရေးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

လင်းဆက်ဟု အမည်ပေးထားသော ယင်းဂြိုဟ်တုသည် ကမ္ဘာမြေအထက်မိုင်ပေါင်း ၄၃၈ အကွာ၌ ထားရှိပြီး ဆင်ဆာနှစ်လုံးတပ်ဆင်ထားကာ ကမ္ဘာမြေမျက်နှာပြင်ကို အသေးစိတ်လေ့လာနိုင်မည်ဟုဆိုသည်။ **(ရိုက်တာ)**

အီဂျစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများကြား ပဋိပက္ခဖြစ်ပွား

ကိုင်ရို ဖေဖော်ဝါရီ ၉

အီဂျစ်နိုင်ငံတစ်ဝန်းရှိ အဓိကလမ်းမကြီးများနှင့် လူစည်ကားရာနေရာအများအပြားတို့တွင် ဖေဖော်ဝါရီ ၈ ရက်က ဆန္ဒပြသူများ စုဝေးရောက်ရှိနေခဲ့ရာ အီဂျစ်နိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများအကြား ပဋိပက္ခဖြစ်ပွားခဲ့ပြီး အနည်းဆုံး ၁၂၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

"တစ်နိုင်ငံလုံးအနေနှင့် ဒဏ်ရာရသူ ၁၂၆ ဦးရှိပါတယ်။ ဂါဘီယာမှာ ၆၇ ဦး၊ အလက်ဇန္ဒြားမှာ ခုနစ်ဦး၊ ရှာကီ့ရာမှာ လေးဦးနဲ့ချီကာဂိုနန်းတော်အပြင်ဘက်မှာ လေးဦးဖြစ်ပါတယ်" ဟု ကျန်းမာရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ဒဏ်ရာရရှိသူများသည် ပြတ်ရှဒဏ်ရာ၊ မီးလောင်ဒဏ်ရာနှင့် အရိုးကျိုးသူများပြားသည်ဟုဆိုသည်။ သမ္မတအိမ်တော်လုံခြုံရေးတပ်ဖွဲ့ဝင်အချို့မှာ ငှက်ပစ်သေနတ်ဖြင့် ပစ်ခတ်သောဒဏ်ရာများ ရရှိခဲ့သည်။ သို့သော် အဖြစ်မှန်ကို အတည်မပြုရသေးဟု ၎င်းကထပ်မံပြောကြားခဲ့သည်။

ဂါဘီယာပြည်နယ်တွင် မြို့တော်ကောင်စီရုံးဂိတ်တံခါးကို ဖျက်ဆီးပစ်ချရန် ကြိုးစားနေသော ဆန္ဒပြသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးများသုံးကာ ဖြိုခွင်းခဲ့သော်လည်း အပြန်အလှန်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ဆန္ဒပြသူများသည် သမ္မတမော်စီအား ဆန့်ကျင်သော စကားလုံးများ၊ စာသားများပါသော ဆိုင်းဘုတ်များကိုင်မြှောက်ထားပြီး အော်ဟစ်ကြွေးကြော်ဆန္ဒပြခဲ့ကြသည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

ဆီးရီးယားစစ်သွေးကြွများက ကလေးစစ်သားများအား စစ်ရေးလေ့ကျင့်သင်ကြားပေးနေဟုဆို

ဒမတ်စကတ် ဖေဖော်ဝါရီ ၉

ဆီးရီးယားနိုင်ငံအတွင်း ပြည်ပကိုကျောထောက်နောက်ခံပြုနေသော စစ်သွေးကြွများက ဆယ်ကျော်သက်အရွယ်ကလေးငယ် ဒါဇင်ပေါင်းများစွာကို တပ်သားသစ်စုဆောင်းမှုများ ပြုလုပ်ပေးနေကြောင်း အွန်လိုင်းဗီဒီယိုဇာတ်ကားသစ်တစ်ကား၏ပြသချက်အရ သိရသည်။

အဆိုပါ ဗီဒီယိုဇာတ်ကားကို မကြာသေးမီက အင်တာနက်စာမျက်နှာပေါ်တွင် တင်ထားခြင်းဖြစ်ပြီး နိုင်ငံမြောက်ပိုင်း အလက်ပိုပြည်နယ်ရှိ အမေရိကန်ကျောထောက်နောက်ခံပြုနေသော အုပ်စုမှ တပ်မှူးတစ်ဦးက ပြသခဲ့သည်ဟု ဆိုသည်။ **(ယာဟူ)**

ဆယ်ကျော်သက်အရွယ်ကလေးငယ်များအနေဖြင့် ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်များကို ဆန့်ကျင်ရာတွင် ရိုင်ဖယ်သေနတ်နှင့် အခြားသောလက်နက်များအား မည်သို့ကိုင်တွယ်တိုက်ခိုက်အသုံးပြုရမည်ကို သင်ကြားပေးနေခြင်းဖြစ်သည်ဟု ပြသထားသည်။

သေဆုံးခဲ့

ဆီးရီးယားနိုင်ငံသည် ၂၀၁၁ ခုနှစ် မတ်လကတည်းက ပြည်တွင်းဆူပူအုံကြွမှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အများအပြားအပါအဝင် လူပေါင်းများစွာ သေဆုံးခဲ့ရသည်။ နိုင်ငံအတွင်းတွင် စစ်သွေးကြွအရေအတွက် အများအပြားသည် ပြည်ပနိုင်ငံသားများဖြစ်ကြောင်း ဆီးရီးယားအစိုးရက ပြောကြားသည်။ **(ပရက်စ်တီဗွီ)**







မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အလုပ်ပိတ်ရက်ကြေညာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင် / ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

တင်မောင်လွင် – စုစည်းသည်

နိုင်ငံတကာသတင်း

အာရပ်နွေဦးတော်လှန်ရေးအစပျိုးရာ တူနီးရှား၏ ပြုပြင်ပြောင်းလဲရေး တစ်ခန်းတစ်ကဏ္ဍ

တိုး ရေးသည်

အနောက်အာရှနှင့် မြောက်အာဖရိကတို့၌ မကြာမီကာလအတွင်းက အကြီးအကျယ်ပြောင်းလဲမှုများဖြစ်ပေါ်စေသည့်၂၀၁၁ခုနှစ်က အာရပ်နွေဦးအုံကြွမှု စတင်ပေါက်ဖွားရာ တူနီးရှားနိုင်ငံ၌ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၆ရက်က အသက်၄၈နှစ်အရွယ်ရှိ အတိုက်အခံခေါင်းဆောင်ချိုကရီဘီလေးကို သေနတ်သမားတစ်ဦးက သေနတ်ဖြင့် ပစ်သတ်ပြီး မော်တော်ဆိုင်ကယ်ဖြင့် ထွက်ပြေးမှုဖြစ်ပွားသည်။

တူနီးရှားနိုင်ငံ တူးနစ်မြို့တော် ဆင်ခြေဖုံး၌ သေနတ်သမား၏လက်ချက်ဖြင့် သေဆုံးသူ ဒီမိုကရက်တစ်မျိုးချစ်များ၏ လှုပ်ရှားမှုအဖွဲ့(ဒီပီအမ်)ပါတီအတွင်းရေးမှူးချုပ်နှင့် တူနီးရှား ပြည်သူ့တပ်ဦးခေါင်းဆောင်တစ်ဦးဖြစ်သူ ချိုကရီဘီလေး၏ ရုပ်ကလာပ်ကို ဖေဖော်ဝါရီ ၈ ရက်က သင်္ဂြိုဟ်သည်။ မြို့တော်၌ ၎င်း၏ရုပ်ကလာပ်ကို သယ်ဆောင်စဉ် အဓိကရုဏ်းများဖြစ်သော်လည်း အများအားဖြင့် တည်တည်ငြိမ်ငြိမ်ပင်ဖြစ်သည်။ နိုင်ငံတစ်ဝန်း၌ ကြိုးကြားဆန္ဒပြကန့်ကွက်မှုများ၊ ပဋိပက္ခများဖြစ်ပွားသည်ဟု သတင်းရရှိသည်။ အလုပ်သမားအများအပြား သပိတ်မှောက်ဆန္ဒပြကြသည်။

အစ္စလာမ္မစ်ဝါဒီများဦးဆောင်သည့် တူနီးရှားအစိုးရအနေဖြင့် အတိုက်အခံချိုကရီဘီလေးလုပ်ကြံခံရမှု၌ နောက်ကွယ်ကပါဝင်သည်ဟု အလုပ်သမားသမဂ္ဂများက စွပ်စွဲသော်လည်း အစိုးရကငြင်းဆိုသည်။ ဝန်ကြီးချုပ်ဟာမာဒီက အစိုးရအဖွဲ့ကို ပါတီစွဲကင်းသည့် အတတ်ပညာရှင်များဖြင့် ဖွဲ့စည်းပေးမည်ဟု အာမခံသော်လည်း သူ၏အာဏာရအင်နာဒါပါတီက သူ့အစီအစဉ်ကို လက်မခံဘဲ ပယ်ချသည်။

တူနီးရှား အတိုက်အခံခေါင်းဆောင် ချိုကရီဘီလေးလုပ်ကြံခံရမှုအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက ပြင်းထန်စွာ ပြစ်တင်လိုက်ပြီး တူနီးရှားနိုင်ငံအနေဖြင့် နိုင်ငံရေးလုပ်ကြံ အကြမ်းဖက်မှုကြောင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလမ်းကြောင်းမှ သွေဖည်မသွားရန် တိုက်တွန်းလိုက်သည်။

သင်္ဂြိုဟ်မည့်နေ့က ချိုကရီဘီလေး၏ အလောင်းတည်ရှိရာ တူးနစ်မြို့တော်ဆင်ခြေဖုံး ဂျီဘဲဂျဲကော်အရပ်ရှိ အဆောက်အအုံပြင်ပတွင် လူ ၃၀၀၀ ကျော်စုဝေးရောက်ရှိလာပြီး အစိုးရဆန့်ကျင်ရေးကြွေးကြော်သံများ အော်ဟစ်ကြွေးကြော်ကြသည်။ ထို့နောက် ဆန့်ကျင်သည့်ပရိသတ်ပိုမိုများပြားလာသည်။

နိုင်ငံတစ်ဝန်း ဈေးဆိုင်များ ပိတ်ထားပြီး အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းအများစုလည်း ရပ်ဆိုင်းထားသည်။ အထွေထွေသပိတ်မှာ နှစ်ပေါင်း ၃၅ နှစ်အတွင်း တူနီးရှားနိုင်ငံ၌ ပထမဆုံးသော အထွေထွေသပိတ်ဖြစ်သည်။

ဆီဒီဘူဇစ်မြို့၌ ချိုကရီဘီလေးအား လုပ်ကြံခံရသည့်အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ပြည်သူ ၁၀၀၀၀ ခန့် စုရုံးအင်အားပြကြသည်။ တူနီးရှားနိုင်ငံမှ ဤမြို့လေး၌ လွန်ခဲ့သည့်ရှစ်နှစ်ကျော်ကာလက အလုပ်အကိုင်အဆင်မပြေသည့် ကုန်စိမ်းဈေးသည် မိုဟာမက်ဘွာဇီဇီက အစိုးရရုံးရှေ့၌ သူ့ကိုယ်သူ မီးရှို့သတ်သေဆန္ဒပြခဲ့သည့်အတွက် ပြည်သူများ မခံမရပ်နိုင်ဖြစ်ကာ ဆူပူအုံကြွရာမှ အာရပ်နွေဦး ဆူပူအုံကြွမှုကို စတင်ခဲ့သည် မဟုတ်ပါလား။

တူနီးရှားနိုင်ငံအလယ်ပိုင်း ဂက်ဖဆာမြို့၌လည်း ဆန္ဒပြသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား အဓိကရုဏ်းဖြစ်သဖြင့် မျက်ရည်ယိုဗုံးများ အသုံးပြုရလေသည်။ တကယ်တော့ လစ်ဘရယ်လောကီရေးရာသက်သက် ဝါဒီတူနီးရှားပြည်သူတို့နှင့် အစ္စလာမ္မစ်ဝါဒီများဦးဆောင်သည့် အစိုးရအကြား ဆက်ဆံရေးတင်းမာလာခဲ့သည်မှာ လပေါင်းများစွာရှိပြီဖြစ်သည်။ အင်နာဒါပါတီက အစွန်းရောက်ကွန်ဆာဗေးတစ်အုပ်စုများအား လုပ်ပိုင်ခွင့်များပေးထားသည်။ အစိုးရအား ဝေဖန်မှုများက ထောက်ပြသည်။

ချိုကရီဘီလေးမှာ ၂၀၁၁ ခုနှစ် အာရပ်နွေဦးဆူပူအုံကြွမှုစတင်ပြီး နောက်ပိုင်း တူနီးရှားနိုင်ငံ၌ ပထမဆုံးနိုင်ငံရေးလုပ်ကြံမှုတွင် အသက်စတေးခံရသည့် ဓားစာခံဖြစ်သည်ဟုလည်း ဝေဖန်ကြသည်။

စောစောပိုင်း ကပင် လုပ်ကြံခံရသူ အတိုက်အခံခေါင်းဆောင် ချိုကရီဘီလေး၏ တူနီးရှားပြည်သူ့တပ်ဦးအပါအဝင် အတိုက်အခံပါတီလေးခုတို့က ဤလုပ်ကြံခံရမှုကို ကန့်ကွက်သည့်အနေဖြင့် တိုင်းပြုပြည်ပြုလွှတ်တော်မှ နုတ်ထွက်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ လိုက်သည်။

လုပ်ကြံခံရမှုကြောင့် တူနီးရှားနိုင်ငံ၏ တော်လှန်ရေးကို မထိခိုက်စေသင့်ကြောင်း တူနီးရှားသမ္မတ မွန်ဆက်မာဇူကီက ပြောကြားလိုက်သည်။ သူသည် ပြင်သစ်နိုင်ငံသို့ ရောက်ရှိစဉ် လုပ်ကြံမှုသတင်းကြောင့် အီဂျစ်နိုင်ငံသို့ ဆက်မသွားဘဲ တူနီးရှားသို့ ချက်ချင်းပြန်လာခဲ့သည်။

တူနီးရှားနိုင်ငံသည် ထိုဒေသတစ်ဝိုက်တွင် အာဏာရှင်ခေါင်းဆောင်တစ်ဦးကို ပထမဆုံးဖယ်ရှားပြီး လွန်ခဲ့သည့် အောက်တိုဘာလက ပထမဆုံးအကြိမ် ရွေးကောက်ပွဲကို အေးအေးချမ်းချမ်းကျင်းပနိုင်သည့်နိုင်ငံလည်း ဖြစ်သည်။ ရွေးကောက်ပွဲအပြီးတွင် အင်နာဒါပါတီနှင့် လောကီသက်သက်ပါတီနှစ်ရပ်တို့အကြား အာဏာခွဲဝေရယူခဲ့သည်။ လောကီသက်သက်ပါတီနှစ်ရပ်က အဓိကနေရာများတွင် ထိန်းချုပ်ထားသည်။

မိုဟာမက်ဘွာဇီဇီမှာ အာဏာရှင် ဘင်အလီလက်ထက်၌ ရုန်းကန်အသက်မွေးမှုအကျပ်ရိုက်သဖြင့် သူ့ကိုယ်သူမီးရှို့သတ်ပြီး ဆန္ဒပြရာမှ ပြည်သူ့အုံကြွတော်လှန်မှုဖြင့် ဘင်အလီကိုဖယ်ရှားရာ၌ လွယ်ကူသယောင်ရှိသော်လည်း နိုင်ငံတစ်ဝန်း ရေရှည်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမှာ များမြောင်ခက်ခဲလျက်ရှိသည်။ သို့သော် နောက်ဆုံးတွင် အနိုင်ရကာ အောင်ပွဲခံရမည်သာဖြစ်ပါသည်။ ။

ဆီးရီးယားအတိုက်အခံ အမေရိကန်၌ ရုံးများဖွင့်မည်

ဆီးရီးယားအတိုက်အခံညွန့်ပေါင်းအဖွဲ့သည် အမေရိကန်နိုင်ငံ၌ ရုံးနှစ်ရုံးဖွင့်ရန်စီစဉ်နေကြောင်း ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကြီး ဗစ်တာလီချွန်ကင်းက ပြောကြားသည်။ အဆိုပါရုံးများကို ကုလသမဂ္ဂဌာနချုပ်အနီးနယူးယောက်မြို့နှင့် ဝါရှင်တန်မြို့တို့၌ တည်ဆောက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ချွန်ကင်းက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားသည်။ လွန်ခဲ့သော သီတင်းပတ်က ဆီးရီးယားအတိုက်အခံခေါင်းဆောင် မိုအက်အယ်လ်ခါတစ်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာဗော့တို့ မြူးနစ်လုံခြုံရေးကွန်ဖရင့်၌ သီးခြားစီတွေ့ဆုံဆွေးနွေးကြသည်။ ဆီးရီးယားအကျပ်အတည်း နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ရုရှားနိုင်ငံက ဆီးရီးယားအတိုက်အခံအား ဖိတ်ခေါ်ထားသည်။

စပိန်ဝန်ကြီးချုပ်နုတ်ထွက်ပေးရန် တောင်းဆို

စပိန်ဝန်ကြီးချုပ် မာရီယာနို ရာဂွိုင်းအား နိုင်ငံရေးဆိုင်ရာ ရန်ပုံငွေ အလွဲသုံးစားမှုဖြင့် စွပ်စွဲခံရပြီးနောက် ရာထူးမှ နုတ်ထွက်ပေးရန် သန်းပေါင်းများစွာသော ပြည်သူများက တောင်းဆိုလျက်ရှိသည်။

အဆိုပါ စပိန်ဝန်ကြီးချုပ်အား လွန်ခဲ့သည့် ၁၂နှစ်တာအတွင်း နိုင်ငံရေးဆိုင်ရာရန်ပုံငွေများ အလွဲသုံးစားလုပ်ခဲ့သည်ဟု လူတစ်သန်းကျော်က အွန်လိုင်းမှတစ်ဆင့် တောင်းဆိုထားသည်။ ၎င်းဝန်ကြီးချုပ်သည် ၁၉၉၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ အာဏာရပါတီ(ပီပီ)၏ ရန်ပုံငွေများကို အလွဲသုံးစားမှုပြုလုပ်ခဲ့သည်ဟု ဆိုသည်။ ၎င်းသည် ထိုကာလအတွင်း တစ်နှစ်လျှင် ပါတီမှ ယူရိုငွေ ၂၅၂၀၀ ခန့် နှစ်စဉ် လက်ခံရယူခဲ့သည်။

ပါလီမန်ကို အကြမ်းဖက်သူ ကြိုးပေးကွပ်မျက်

အိန္ဒိယပါလီမန်ကို တိုက်ခိုက်ခဲ့သည့် အစွန်းရောက်သမား မိုဟာမက် အက်ဖ်ဇယ်ဂုရုအား ကြိုးပေးကွပ်မျက်လိုက်ပြီးနောက် အိန္ဒိယထိန်းချုပ်သည့် ကက်ရှ်မီးယားဒေသ၌ ညမထွက်ရအမိန့် ထုတ်ပြန်လိုက်သည်။

အဆိုပါအစွန်းရောက်သမားအား ၂၀၀၁ ခုနှစ်က နယူးဒေလီမြို့ ပါလီမန်အဆောက်အအုံဝင်းအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြင့် ဖေဖော်ဝါရီ ၉ ရက်က နယူးဒေလီထောင်၌ ကြိုးပေးကွပ်မျက်လိုက်သည်ဟု ဆိုသည်။ ၎င်းသည် ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်က နယူးဒေလီမြို့ ပါလီမန်ဝင်းအတွင်းသေနတ်သမားငါးဦးနှင့်အတူ ဝင်ရောက်အကြမ်းဖက်တိုက်ခိုက်ခဲ့သည်။

မြင့်မောင်စိုး-ရေးသားသည်

ဆောင်းပါး

SAS နှင့် ကိုယ်စီတာဝန်

အောင်မိုးကြည်

ယခုတလော ထွက်ရှိသည့် ဂျာနယ်များတွင် SAS ဆိုသော အသုံးအနှုန်းတော်တော်များများ တွေ့ရှိရပါသည်။ အလားတူ Internet သတင်းများ Facebook များ တွင်လည်း ၄င်းကိစ္စကိုတင်၍ comment များ ဝေဝေဆာဆာဖြင့် တွေ့ရှိရပါသည်။ အခွန်စနစ်တစ်ခု အပေါ် ယခုကဲ့သို့ ရေးသားဖော်ပြ ဆွေးနွေးကြသည်မှာ နိုင်ငံတော်၏ အခွန်စနစ်အတွက် အလွန်ပင် အားရကျေနပ်ဖွယ် ဖြစ်ပါသည်။ SAS ဆိုသည်မှာဘာလဲ၊ SAS ကြောင့် ဘာအကျိုးကျေးဇူးရနိုင်ပါသလဲ၊ နိုင်ငံတကာ၌ SAS စနစ်သို့ ကူးပြောင်းဆောင်ရွက်လာကြသည်မှာ မည်သည့်ရည်ရွယ်ချက်ကြောင့်လဲ မေးစရာမေးခွန်းအများအပြားပင် ဖြစ်ပါသည်။

လက်ရှိ အခွန်ကောက်ခံသည့်စနစ်မှာ လုပ်ငန်းရှင်အခွန်ထမ်းက မိမိလုပ်ငန်း၏ ဝင်ငွေကို စာရင်းပြုစု၍ အခွန်ရုံးသို့ ကြေညာလွှာတင်သွင်းပြီး အခွန်ရုံးမှ လုပ်ငန်းရှင်အခွန်ထမ်း တင်ပြစာရင်းများကို အခြားမှရရှိသော သတင်းအချက်အလက်များ၊ အလားတူလုပ်ငန်းများ၊ ကွင်းဆင်းစစ်ဆေးချက်များဖြင့် ခြိုင်းသုံးသပ်၍ ကျသင့်အခွန်ကို တွက်ချက်စည်းကြပ်ပြီး အခွန်တောင်းခံလွှာ ထုတ်ဆင့်တောင်းခံပေးသွင်းစေသည့်စနစ် OAS (Official Assessment System) ဖြစ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် "အခွန်ထမ်းပြည်သူများအတွက် အခွန်ဆိုင်ရာ ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက် ကောင်းမွန်သော ဝန်ဆောင်မှုများ ပေးသည့်ဌာနအဖြစ် ရပ်တည်သွားနိုင်ရေး" ဆိုသော အနာဂတ်စိတ်ကူး (Our Vision)နှင့်အညီ ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အခွန်ရုံးများက စည်းကြပ်တောင်းခံပေးသွင်းစေသည့် စနစ် OAS (Official Assessment System)အစား လုပ်ငန်းရှင်အခွန်ထမ်းများကိုယ်တိုင် ကျသင့်အခွန်ကို တွက်ချက် ပေးဆောင်စေခြင်းစနစ် SAS (Self Assessment System) ကို အလုံးစုံ ပြောင်းလဲကျင့်သုံးသွားနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြံဉာဏ်ကို ရယူ၍လည်းကောင်း၊ နိုင်ငံတကာ၏ အခွန်စနစ်များကို လေ့လာ၍လည်းကောင်း ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

ခေတ်မီ နိုင်ငံတော်သစ်တစ်ခု တည်ဆောက်နေသည့် နိုင်ငံတော်အတွက် ခေတ်မီအခွန်စနစ်တစ်ရပ် လိုအပ်ပါသည်။

နိုင်ငံတကာမှ လက်ခံကျင့်သုံးနေသော ခေတ်မီအခွန်စနစ်ဆိုသည်မှာ အခွန်ဥပဒေများသည် ရှင်းလင်းလွယ်ကူခြင်း (Simplification)၊ အလျားလိုက် (Horizontal)၊ ဒေါင်လိုက် (Vertical)၊ တရားမျှတမှု (Equity)ရှိခြင်း၊ ဥပဒေစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း (Law, Rule, Regulation and Procedure)၊ အယူအဆ(Concept)၊ စီမံခန့်ခွဲမှု (Administration)များ၊ တိကျခိုင်မာခြင်း (Firmness)၊ အခွန်စီမံခန့်ခွဲသူအတွက်၊ အခွန်ထမ်းအတွက် ကုန်ကျစရိတ်သက်သာခြင်း (Low Tax-Administrative cost) အခွန်ပေးဆောင်မှု၌ လွယ်ကူအဆင်ပြေခြင်း (Taxpayer's Convenience) စသည့် အင်္ဂါရပ်များနှင့် ပြည့်စုံရန် လိုအပ်ပါသည်။

SAS စနစ်သည် ခေတ်မီအခွန်စနစ်တစ်ရပ်ဖြစ်ပြီး ဖော်ပြပါ အချက်အလက်များနှင့် ကိုက်ညီသော စနစ်တစ်ခုဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ခေတ်မီအခွန်စနစ် တစ်ရပ်ဖြစ်စေရန်ရည်ရွယ်ကာ အခွန်ဌာနမှ စတင်အဆိုပြု ပြောင်းလဲဆောင်ရွက်ရန် ကြိုးစားနေသော အခွန်စနစ်ကို လုပ်ငန်းရှင်အခွန်ထမ်းနှင့် အခွန်ဝန်ထမ်းမထိတွေ့စေရေး၊ လာဘ်ပေးလာဘ်ယူမဖြစ်ပေါ်စေရေး ရည်ရွယ်ချက်အပေါ်ဇောင်းပေး၍ ရေးသားဖော်ပြနေကြသည်ကို တွေ့ရှိရပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန အတွင်းတွင် ဆိုးညစ်သော ဝန်ထမ်းရှိသလို၊ ဝန်ထမ်းကောင်းများလည်း မြောက်မြားစွာရှိပါသည်။ ဖြတ်သန်းခဲ့ရသော ခေတ်အခြေအနေ၊ နှစ်စဉ်ကောက်ခံပေးရသည့် အခွန်လျာထားချက်၊ ထိုစဉ်က ကိုင်တွယ်ဆောင်ရွက်နေခဲ့ရသော အခွန်ဥပဒေနှင့်အခွန်နှုန်းထားများ၊ ပုံသဏ္ဌာန်အမျိုးမျိုးသော လုပ်ငန်းရှင်အခွန်ထမ်းများ၊ ဟန်ချက်မညီ သဘာဝမကျမှုများကြောင့် ကြုံရာကွေ့ကို ကြုံရာတက်နှင့် လှော်ခတ်ဖြတ်သန်းခဲ့ရသည့်အခြေအနေ ဖြစ်ပါသည်။

ယခုအခါ အခွန်ဥပဒေများ၊ အခွန်နှုန်းများကိုလည်း ခေတ်စနစ်နှင့်လျော်ညီအောင် ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ မိမိဥပဒေကိုဆုပ်ကိုင်၍ ဥပဒေတိုင်း ဆောင်ရွက်ရန်သာဖြစ်ပါသည်။ ဝန်ထမ်းများကိုလည်းအပြောအဆို ဆက်ဆံရေးမှအစ ဘာသာရပ်ဆိုင်ရာကိစ္စများနားလည်တတ်ကျွမ်းမှု အပါအဝင် အကျင့်စာရိတ္တအဆုံး ပြုပြင်ကြရန် ရှင်းလင်းဆွေးနွေးပညာပေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။ အတတ်နိုင်ဆုံး ပြုပြင်လက်တွဲခေါ်ယူသော်လည်း ပြုပြင်မှုမရှိပါက လက်တွဲဖြုတ်ချန်ရစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

လုပ်ငန်းရှင်အခွန်ထမ်းနှင့် အခွန်ဝန်ထမ်း တိုက်ရိုက်ထိတွေ့ကြခြင်းဖြင့် လာဘ်ပေးလာဘ်ယူ အဂတိတရားလိုက်စားမှု ဖြစ်ပေါ်စေပါသည်ဆိုလျှင်-

-လာဘ်ပေးသူက လုပ်ငန်းရှင်အခွန်ထမ်း၊ လာဘ်ယူသူက အကျင့်ပျက်အခွန်ဝန်ထမ်းဖြစ်ပါမည်။

-လုပ်ငန်းရှင် အခွန်ထမ်းက ဘာကြောင့် လာဘ်ပေးသလဲ၊ အခွန်လျှော့ဆောင်ချင်၍ ဖြစ်ပါသည်။

လုပ်ငန်းအမှန်ပမာဏအရ ပေးဆောင်ရမည့် အခွန်ကို မပေးဆောင်လိုသော လုပ်ငန်းရှင်အခွန်ထမ်းက လာဘ်ငွေ တံစိုးလက်ဆောင်ပေး၍ လုပ်ပိုင်ခွင့်ရှိသော အကျင့်ပျက်အခွန်ဝန်ထမ်းအား အခွန်လျှော့၍ ပေးဆောင်ရရေး ချဉ်းကပ်ညှိနှိုင်းဆွေးနွေးလာခြင်းဖြစ်ပါသည်။ လုပ်ငန်းရှင် အခွန်ထမ်းကိုယ်တိုင်က မိမိလုပ်ငန်းအမှန် ပမာဏအတိုင်း အခွန်အမှန်ပေးဆောင်ရန် ဆန္ဒအမှန်ရှိလျှင် အကျင့်ပျက် အခွန်ဝန်ထမ်းအား လာဘ်ငွေပေး၍ ချဉ်းကပ်စည်းရုံးရန် အကြောင်းမမြင်ပါ။ လာဘ်ငွေမပေး၍ အခွန်ဝန်ထမ်းက မတရားအခွန်တိုးမြှင့် စည်းကြပ်ခြင်း၊ ရစ်ခြင်း၊ ထစ်ခြင်း၊ ညှစ်ခြင်းများ ပြုလုပ်ပါက တိုင်ကြားနိုင်ပါသည်။ ၄င်းစည်းကြပ်မှုကို ဥပဒေလမ်းကြောင်းအရ အယူခံတင်သွင်း၍ မိမိလုပ်ငန်း၏ စာရင်းဇယားများ ပြည့်ပြည့်စုံစုံဖြင့် စည်းကြပ်ထိုက်သော အခွန်ထက်များနေကြောင်း ခိုင်ခိုင်မာမာ ငြင်းဆိုနိုင်ပါသည်။

ယခု အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သမ္မတကြီး၏ Good Governance Clean Government ဆိုသည့် လမ်းညွှန်ချက်နှင့်အညီ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်တွင်းအခွန်များ ဦးစီးဌာနတွင် Taxpayer Service Unit ဖွင့်လှစ်၍ "ပြည်သူ့ဟစ်တိုင်" အဖြစ် လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါရုံးမှ အခွန်အကြောင်းသိချင်၍ မေးသမျှ ဖြေကြားပေးပါသည်။ တိုင်သမျှ တိုင်ကြားမှုအားလုံးလက်ခံ၍ မည်သို့ စိစစ်အရေးယူ ဆောင်ရွက်ပြီးကြောင်း တိုင်ကြားသူထံသို့ ပြန်လည်အကြောင်းကြားပေးပါသည်။ အကြံပြုချက်များကိုလည်း လေးစားစွာလိုက်နာ အကောင်အထည်ဖော်နေပါသည်။ ဆိုလိုသည်မှာ အခွန်ဝန်ထမ်းနှင့် အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲမှုများကို ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သာဓကဖြစ်ပါသည်။ တစ်နည်းအားဖြင့် SAS အတွက် ကြိုတင်ပြင်ဆင်နေခြင်း ဖြစ်ပါသည်။

အခွန်လျှော့နည်း ပေးဆောင်ရန် အမြဲကြံဆစိတ်ကူးနေသော လုပ်ငန်းရှင်အခွန်ထမ်းအား (အားလုံးမဟုတ်သော်လည်း အများစုကို ဆိုလိုပါသည်) နိုင်ငံတော်မှ ယုံကြည်မှုအပြည့်ထားပေးပြီး မိမိလုပ်ငန်းကို ဆိုင်ရာအခွန်ဥပဒေနှင့်အညီ မိမိဘာသာတွက်ဆ၍ ကြေညာလွှာတင်သွင်းကာ အခွန်ပေးဆောင်စေမည့် SAS စနစ်သည် နိုင်ငံတော်အတွက် မည်မျှစွန့်စားရမည်ကို တွက်ဆကြည့်နိုင်ကြပါသည်။

(ဆက်လက်ဖော်ပြပါမည်)

လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၉

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (ဗဟို)နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၇ရက် နံနက်၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ ကျင်းပရာ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့(ဗဟို) အတွင်းရေးမှူး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်း၊ ခရီးသည်/ကုန်စည် ပို့ဆောင်ခွင့် လုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားလာသော ရေယာဉ်အသင်း/အဖွဲ့များကို စိစစ်ခွင့်ပြုဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းများနှင့် ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသွား စက်တပ်ရေယာဉ်များနှင့် စက်မဲ့တွဲများလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို တင်ပြရာ တက်ရောက်လာသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများနှင့် ကြီးကြပ်ရေးအဖွဲ့ (ဗဟို) အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့အကြို စာပေဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ကြီးရပ်ကွက် သစ္စာလမ်းတွင် စာပေမြတ်နိုးသူများ စုပေါင်းကျင်းပသည့် ပြည်ထောင်စုနေ့အကြိုစာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၆ ရက်နှင့် ၇ရက်က ကျင်းပသည်။ စာရေးဆရာ ဖေမြင့်က ဒီမိုကရေစီနိုင်ငံနှင့် စတုတ္ထမဏ္ဍိုင်၊ ဆရာဟိန်းလတ်က ဆင်းရဲခြင်းလွတ်ကင်းအောင်၊ ပေါ်ဦးထွန်း(ခ) မင်းကိုနိုင်က လူငယ်အားမာန်၊ မောင်စိန်ဝင်း (ပုတီးကုန်း)က ဒေါင်းရဲ့စောင်း၊ ဆရာမ ဒေါ်သန်းမြင့်အောင်က ကျွန်မသိသမျှ ပရဟိတ၊ ကိုသူရ(ခ)ဇာဂနာက လူ့စိတ်ဟူသော ခေါင်းစဉ်များဖြင့် ဟောပြောသွားသည်။ (၀၂၇)

ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်များ ပဲခူးမြို့၌ဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၉

ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက ပဲခူးမြို့ အင်းဝင်(၇)လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဝင်တစ်ဦးတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းက လမ်းမုခ်ဦး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

အလားတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည်ပဲခူးမြို့ ဥဿာသီရိ (၇)လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး လမ်းမုခ်ဦး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်း

နိုင်ငံသားတိုင်း အခွန်ထမ်းဆောင်လာစေရေးအတွက် အဂတိတရားကင်းရှင်းပြီး မှန်မှန်ကန်ကန် စည်းရုံးဆောင်ရွက်သွား

နေပြည်တော် ဖေဖော်ဝါရီ ၉

နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ လူမှုဘဝမြင့်မားရေးအတွက် စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘဏ္ဍာငွေကြေး လိုအပ်ကြောင်း၊ လိုအပ်သည့်ငွေကြေးရရှိရန်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ ပြည့်ပြည့်ဝဝကောက်ခံရရှိရေးသည် လွန်စွာအရေးကြီးကြောင်း၊ ယခုအချိန်တွင် ရသင့်ရထိုက်သည့်အခွန်ထက် များစွာနည်းနေသေးသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် အခွန်တိုးတက် ကောက်ခံရရှိရေး အထူးကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံသားတိုင်း အခွန်ထမ်းဆောင်လာစေရေးအတွက် မိမိတို့ဝန်ထမ်းများဘက်ကလည်း အဂတိတရားကင်းရှင်းပြီး မှန်မှန်ကန်ကန် စည်းရုံးဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိတ်ဖက်ဌာနများ၏ အကူအညီ ရယူဆောင်ရွက်ပြီး ရသင့်ရထိုက်သောအခွန်ငွေရရှိအောင် မြို့နယ်အလိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ဖေဖော်ဝါရီ၈ရက် နံနက်၉နာရီတွင် ပုသိမ်မြို့ ပုသိမ်ဟိုတယ်ခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အခွန်အရပ်ရပ်တိုးတက်ကောက်ခံရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးဝင်းကိုကိုတို့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ထူးချွန်စွာဆောင်ရွက်ခဲ့သည့် မြို့နယ်များနှင့်ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နံနက်၁၀နာရီတွင် ပုသိမ်မြို့ မဟာဝိသုဒ္ဓါရာမ မောင်းထောင်ကျောင်းပရိယတ္တိ စာသင်တိုက်ရှိ ဓမ္မသိင်္ဂီကျောင်းဆောင်၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့အား အမှူးထား၍ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဆက်လက်၍ ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မူကြိုအရွယ်ကလေးများ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး မူကြိုကလေးများ၏ အကပဒေသာဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးမိသားစုတို့က တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ရန်ပုံငွေအတွက် အလှူငွေကျပ် သုံးသိန်းနှင့် မူကြိုကလေးများအတွက်ဂုဏ်ပြုဆု ငွေကျပ် နှစ်သိန်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ညနေပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ရေကြီးနစ်မြုပ်မှုအခြေအနေများ ကျော်လွှားနိုင်ရေးအတွက် အစီအမံကောင်းများ ချမှတ်နိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်၍ အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်ဝင်းနှင့် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစောအောင်လွင်တို့က ရေကြီးနစ်မြုပ်မှု အခြေအနေများကျော်လွှားနိုင်ရေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာသူများက အထွေထွေကိစ္စရပ်များဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ဝင်များ လွှတ်တော်အဆောက်အအုံများ ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၉

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်မည့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့ဝင် ၂၃၅ဦးတို့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် လွှတ်တော်အဆောက်အအုံများကို လာရောက်ကြည့်ရှုလေ့လာပြီး **(အောက်ပုံ)** ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ယဉ်ကျေးမှု ကိုယ်စားလှယ်များ နေပြည်တော်အတွင်း ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၉

၂၀၁၃ခုနှစ် (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များသည် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၇ ရက်နှင့် ၉ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့၌ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၊ ဆင်ဖြူတော်ဆောင်၊ လွှတ်တော်အဆောက်အအုံ၊ တပ်မတော် စစ်သမိုင်းပြတိုက်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ နက္ခတ်တာရာပြခန်း၊ ရေပန်းဥယျာဉ်နှင့် မြို့မဈေးတို့ကို သွားရောက် ကြည့်ရှုလေ့လာခဲ့ကြသည်။ **(သတင်းစဉ်)**

နေပြည်တော်၌ ရောက်ရှိနေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များ တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နေပြည်တော်၌ ရောက်ရှိနေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်အတွင်း ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ပြည်တွင်းပြည်ပ ခရီးသွားများအတွက် MAI က မန္တလေး-ဗန်ကောက်-မန္တလေးခရီးစဉ် မကြာမီပြေးဆွဲမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ပြည်တွင်း ပြည်ပခရီးသွားများ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသည်နှင့်အတူ နိုင်ငံတကာလေကြောင်းလိုင်းများနှင့် ပြည်တွင်းလေကြောင်းလိုင်းများသည် လေယာဉ်စီးရေများ တိုးချဲ့ပြေးဆွဲခြင်းနှင့် လေကြောင်းလိုင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြန်မာနိုင်ငံအထက်ပိုင်းရှိ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ခရီးသွားများ နိုင်ငံတကာသို့ သွားရောက်နိုင်ရန်နှင့် နိုင်ငံတကာမှ ခရီးသွားများ မြန်မာနိုင်ငံ အထက်ပိုင်းသို့ တိုက်ရိုက်လာရောက်နိုင်ရန် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)က မတ် ၃၁ ရက်မှစတင်၍ မန္တလေး-ဗန်ကောက်- မန္တလေးခရီးစဉ်ကို နေ့စဉ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။

လေယာဉ်စီးခရီးသည်များ နိုင်ငံတကာ အဆင့်မီလုံခြုံစိတ်ချစွာ သွားလာနိုင်ရန် ၎င်းခရီးစဉ်ကို တိုးချဲ့ခဲ့ခြင်းဖြစ်ပြီး လူဦးရေ ၁၈၀ ဆံ့ Airbus A 320 လေယာဉ်ကြီးများဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။

မန္တလေး-ဗန်ကောက် ခရီးစဉ်ကို မန္တလေးမှ နံနက် ၈ နာရီ ၃၅ မိနစ်တွင် ထွက်ခွာပြီး ဗန်ကောက်သို့ နံနက် ၁၁ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ ဗန်ကောက်-မန္တလေး ခရီးစဉ်တွင် ဗန်ကောက်မှ နံနက် ၆ နာရီခွဲတွင် ထွက်ခွာမည်ဖြစ်ပြီး မန္တလေးသို့ နံနက် ၇ နာရီ ၅၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

ဖေဖော်ဝါရီ ၆ ရက်တွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) မှ တာဝန်ရှိသူများနှင့် Air France Consutting မှ တာဝန်ရှိသူများသည် ရန်ကုန်မြို့၌တွေ့ဆုံခဲ့ကြပြီး MAI နှင့် Air France Consutting တို့ပူးပေါင်း၍ Passenger Service ကဏ္ဍ၊ Commercial ကဏ္ဍတို့အတွက် ဆွေးနွေးခဲ့ကြကာ ကမ္ဘာတစ်ဝန်းရှိ လေကြောင်းလိုင်းများနှင့် လေကြောင်းလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ လုပ်ကိုင်နိုင်ရန်အတွက် Air France Industries နှင့် သဘောတူညီချက်များအတိုင်း နည်းပညာပိုင်းဆိုင်ရာသင်တန်းများကို ပို့ချလျက်ရှိကြောင်း သိရသည်။ **(ကိုကြီးသာ)**

MRTV-4

၁၀-၂-၂၀၁၃ (တနင်္ဂနွေနေ့)

၅း၀၀ **အဆုံးကိုကျော်လွန်သည့် အဆုံးမဲ့တရား** တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၆း၀၀ Morning @ MRTV-4
၇း၃၀ MRTV-4 သတင်း
၈း၀၀ Cartoon Series (Curious Kemi)
၈း၂၀ Kid's Show
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၁၅)
၉း၄၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဝင်္ကြွေး**
၁၀း၀၀ ခေတ်သစ်ပျိုမေ
၁၁း၃၀ သီးချင်းကောင်းကောင်း သီးချင်းတောင်း
၁၂း၂၅ Drive It
၂း၀၀ MRTV-4 သတင်း
၂း၂၀ မြန်မာ့ရုပ်သံဇာတ်လမ်းတွဲ **The Sign Of Love(Season 2) (အချစ်သင်္ကေတ)** (အပိုင်း-၁၆)
၄း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၁၅)
၄း၄၀ Kid's Show
၆း၀၀ MRTV-4 သတင်း
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချိုမြိန်သောဘဝလေး** (အပိုင်း-၉၇)
၈း၀၀ MRTV-4 သတင်း
၈း၁၅ Sunday Talk သရဝဏ်(ပြည်)၊ မျိုးမြတ်သူ
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၁၆)
၁၀း၃၀ Barclays Premier League Man U Vs Evertone (LIVE)
၁၂း၄၅ World Of Knowledge (Hidden Worlds ; Australia's Dingo Island)
၃း၁၀ တတိယဝန်ရိုးစွန်းဆီသို့
၃း၅၀ **တစ်ပါးသီလ(၂)** ဖိုးသောကြာ၊ မြင်းစိုင်းသားအောင်အောင်၊ ဦးစောနိုင် (ရှမ်းပြည်)၊ ဒေါ်တင်တင်လှ၊ ဟန်လေး (ဒါရိုက်တာ-တင်မောင်အေး)
၄း၄၀ မြူခိုးဝေဝေ ပတ္တမြားမြေမှ ကြည်ညိုဖွယ်ရာဘုရားစေတီ

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
8:00	Aston Villa	-	West Ham	(Fox Sports)
10:30	Man U	-	Everton	(MRTV-4)(Fox Sports)

Spain Laliga League

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
5:00	Barcelona	-	Getafe	(Fox Sports)
10:30	Zaragoza	-	Real Sociedad	(Star Sports)
နံနက်ပိုင်း	**ပွဲစဉ်**			**ပြသမည့်လိုင်း**
12:30	Bilbao	-	Espanyol	(Star Sports)
2:30	Vallecano	-	Atl; Madrid	(Star Sports)

ပြည်တွင်းသတင်း

အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်သိပ္ပံတို့ ပူးပေါင်းဆောင်ရွက်သော အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအား အထောက်အကူဖြစ်စေရန် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးသည် အဓိကကျကြောင်း၊ တိုင်းဒေသကြီးအတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်မည့် သီလဝါအထူးစီးပွားရေးဇုန်နှင့် SME လုပ်ငန်းများဖွံ့ဖြိုးရေးတို့သည်လည်း အရေးပါကြောင်း၊ သို့ရာတွင် SME လုပ်ငန်းများ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများသည် ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေး အသိုက်အဝန်းသို့ ရောက်ရှိချိန်တွင် အခြားအာဆီယံနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ရန်အတွက် လိုအပ်မှု၊ အားနည်းမှုများရှိနေ၍ Seminar များ၊ နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများဖွင့်လှစ်ပို့ချရန် အကူအညီများ လိုအပ်ပါကြောင်း၊ ADB အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အဖွဲ့အစည်းများက မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်မှုများကို ကြိုဆိုပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ကူညီမှုများကိုလည်း အနာဂတ်ကာလအထိ ရေရှည်ဆောင်ရွက်သွားမည်ဟု မျှော်လင့်ပါကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ယမန်နေ့မွန်းလွဲ ၂ နာရီခွဲတွင် Park Royal Hotel ၌ ကျင်းပသည့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် အာရှဖွံ့ဖြိုးရေးဘဏ်သိပ္ပံ (ADBI) တို့ ပူးပေါင်းဆောင်ရွက်သော Myanma's Future, Economic Growth, Knowledge and Regional Cooperation အဆင့်မြင့် အရာရှိကြီးများ ဆွေးနွေးပွဲတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသွားသည်။

ပြန်လည်ဖြေကြား

ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Haruhiko Kuroda က Myanma's Future, Economic Growth, Knowledge and Regional Cooperation ခေါင်းစဉ်ဖြင့်ဆွေးနွေးပြီး အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံရှိ အထောက်အထားမဲ့ လုပ်သားများ ဘတ် ၅၅၀ သာ ကုန်ကျမည့် နိုင်ငံတော်အစီအစဉ်

နေပြည်တော် ဖေဖော်ဝါရီ ၉

ဖေဖော်ဝါရီပထမပတ်က ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ပြုလုပ်သည့် ထိုင်း-မြန်မာနှစ်နိုင်ငံ Technical Meeting အပြီးတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က စာနယ်ဇင်းများနှင့် တွေ့ဆုံရှင်းလင်းရာတွင် မြန်မာဘက်အနေဖြင့် အထောက်အထားမဲ့ လုပ်သားများအတွက် ဘတ် ၅၅၀ သာ ကောက်ခံမည်ဖြစ်ကြောင်း ရှင်းပြခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက်တွင် အထောက်အထားထုတ်ပေးမည့်စခန်း ၁၁ ခုဖြစ်သည့် ချင်းမိုင်၊ ချင်းယိုင်၊ ပထုန်ဌာနီ၊ စမူပရာကန်၊ မဟာချိုင်၊ လယောင်၊ ခွန်ခန်၊ စူရဌာနီ၊ ရနောင်း၊ မဲဆောက်နှင့် ကန်ချနဘူရီတို့တွင် စတင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

လုပ်ငန်းစဉ်ကို ထိုင်းနိုင်ငံဘက်ခြမ်းတွင် အလုပ်ရှင်များက ယခုချိန်တွင် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သက်ဆိုင်ရာနယ်မြေဒေသရှိ အလုပ်သမားရုံးများမှတစ်ဆင့် အလုပ်သမားရုံးချုပ်သို့ တင်ပြဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် မြန်မာသံရုံးရှိ အလုပ်သမားသံအရာရှိထံသို့ စိစစ်ရန် ပေးပို့ရမည်ဖြစ်ကြောင်း၊ သံအရာရှိ စိစစ်ပြီးသည့် စာရင်းများကို အလုပ်သမားရုံးချုပ်သို့ ပြန်လည်ပေးပို့ပြီး ထိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် ညှိနှိုင်းကာ နီးစပ်ရာစခန်းများသို့ One Stop Service ဆောင်ရွက်နိုင်ရန် ပေးပို့မည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးများကိုလည်း အထောက်အထားထုတ်ပေးမည်ဖြစ်ပြီး လောလောဆယ်တွင် Baht 1900 ပေးရမည်ဖြစ်သော်လည်း ယခင်ဆောင်ရွက်ပြီးသော ၁ ဒသမ ၂ သန်းသော လုပ်သားများ၏ သားသမီးများကိုလည်း ထုတ်ပေးရန် ညှိနှိုင်းထားကြောင်း ပြောကြားသွားသည်။

အထောက်အထားမဲ့ ရွှေ့ပြောင်းလုပ်သားများကို နည်းနိုင်သမျှ နည်းနည်းသာ ကောက်ခံရန် ထပ်မံညှိနှိုင်းခဲ့ကြောင်း သိရသည်။

ရွှေ့ပြောင်းအလုပ်သမားအရေး ဆောင်ရွက်နေသူတစ်ဦးက ထိုင်းဘက်ခြမ်းတွင် ဗီဇာကြေး ၅၀၀ ဘတ်၊ ဆေးစစ်ခ ၆၀၀ ဘတ်၊ စာရွက်စာတမ်းကြေး ၁၀၀ ဘတ်နှင့် Work Permit ကြေး ၁၉၀၀ ဘတ်သာ ကုန်ကျရန်ရှိတော့သဖြင့် ထိုင်းဘက်ခြမ်းတွင် ၃၁၀၀ ဘတ်သာ ကုန်ကျမည်ဖြစ်ကြောင်း ထိုင်း-မြန်မာနှစ်နိုင်ငံအစိုးရများက ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးထားသော အစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် တာဝန်ရှိသူအဆင့်ဆင့်မှ စောင့်ကြည့်ကြပ်မတ်သွားရမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး အစည်းအဝေးသို့ တက်ရောက်လာသည့် Diamond Palace ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးအား မေးမြန်းခဲ့ရာ အထောက်အထားမဲ့ ရွှေ့ပြောင်းလုပ်သားများကို လွယ်ကူလျင်မြန်စွာ အထောက်အထားများ ထုတ်ပေးနိုင်ရန် Biometric Enrollment System ကို အသုံးပြုဆောင်ရွက်ပေးရန် အစီအစဉ်ရှိကြောင်း၊ စက်ရုံများရှိ လုပ်သားများသို့ Data များ သွားရောက်ကောက်ခံပြီး အချိန်၊ စရိတ်သက်သာသည့် Mobile Team များနှင့် ဆောင်ရွက်ရန် တင်ပြထားကြောင်း၊ ဘတ် ၁၅၀သာ ကုန်ကျစရိတ်ရှိကြောင်း၊ အလုပ်သမားများအတွက် သက်သာချောင်ချိစေသည့် အစီအစဉ်ဖြစ်သဖြင့် ခွင့်ပြုလိမ့်မည်ဟု မျှော်လင့်ထားကြောင်း ပြောကြားသွားသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မိုးယွန်းကြီးအင်းဘေးမဲ့တော

နေပြည်တော် ဖေဖော်ဝါရီ ၉

မိုးယွန်းကြီးအင်းဘေးမဲ့တောသည် စုစုပေါင်း စတုရန်းမိုင် ၄၀ ဧက ၂၅၆၀၀ ကျယ်ဝန်းပြီး ၁၉၈၈ ခုနှစ် မတ် ၁၈ ရက်တွင် ဘေးမဲ့တောဒေသအဖြစ် သတ်မှတ်ခဲ့သည်။ မိုးယွန်းကြီးအင်း ဘေးမဲ့တောသည် မြန်မာနိုင်ငံရှိ ကမ္ဘာ့အဆင့်မီရေတိမ်ဒေသကြီး ၁၉ခုတွင် တစ်ခုအပါအဝင်ဖြစ်ပြီး မြန်မာနိုင်ငံ၏ လက်ရှိတစ်ခုတည်းသော Ramsar Site စာရင်းဝင် အင်းကြီးတစ်ခုဖြစ်သည်။ လက်ရှိပြုစုရရှိထားသော စာရင်းအရ မိုးယွန်းကြီးအင်းဘေးမဲ့တောတွင် ရေပျော်ဌာနေငှက် ၂၇ မျိုးနှင့် ဆောင်းခိုငှက် ၃၈မျိုး၊ ကုန်းပေါ်ဌာနေငှက် ၃၂မျိုးနှင့် ဆောင်းခိုငှက် ၂၈ မျိုးအပါအဝင် စုစုပေါင်းကုန်းနေရေနေသတ္တဝါ မျိုးစိတ်ပေါင်း ၄၀၀ ကျော်ရှိကြောင်း သိရှိရသည်။ ထို့အပြင် မိုးယွန်းကြီးအင်းအတွင်းမှ ကြာသက်န်း ရက်လုပ်သည့် ပဒုမ္မာကြာကိုလည်း ထုတ်ယူရရှိနိုင်ပြီး ကြာတောပေါက်ရောက်မှုဧရိယာ ၆၈၅ ဧက ရှိသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် ဖေဖော်ဝါရီ ၅ ရက်တွင် ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်များအတွင်းတည်ရှိသည့် မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ သွားရောက်၍ ငှက်အုပ်များကျရောက်ကျက်စားမှုနှင့် ပြည်သူလူထုလေ့လာနိုင်ရန် ဆောင်ရွက်ထားသော အစီအမံများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

စီစဉ်ပေးထား

မိုးယွန်းကြီးအင်းဘေးမဲ့တောသည် သဘာဝအခြေခံခရီးသွားလာရေးလုပ်ငန်း ဆောင်ရွက်နိုင်သည့် ဧရိယာတစ်ခု ဖြစ်သည်နှင့်အညီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ရွှေပြည်အေး ခရီးသွားကုမ္ပဏီလီမိတက်နှင့် အကျိုးတူပူးပေါင်း၍ သဘာဝအခြေခံခရီးသွား လုပ်ငန်းမြှင့်တင်ရေးလုပ်ငန်းကို ၁၉၉၅-၁၉၉၆ ခုနှစ်မှစတင်၍ ဆောင်ရွက်လျက်ရှိသည်။ သဘာဝအခြေခံခရီးသွားလုပ်ငန်းကို အထောက်အကူပြုရန် ရေတိမ်ဒေသများဆိုင်ရာ ပညာပေးပြခန်း၊ ဧည့်သည်ရှစ်ဦးမှ ၁၆ ဦးအထိ တည်းခိုနိုင်သော မိသားစုအခန်းများပါသည့် အဆောက်အအုံနှစ်လုံး၊ လူနှစ်ဦးတည်းခိုနိုင်သော လှေပုံသဏ္ဍာန် ရေပေါ်အိမ် ၁၀လုံးနှင့်အင်းအတွင်းလေ့လာနိုင်ရန် စက်တပ်လှေများကိုလည်း စီစဉ်ပေးထားသည်။

ရေတိမ်ဒေသများသည် ဇီဝမျိုးစုံမျိုးကွဲများဖြင့်ကြွယ်ဝပြီး လူသားတို့အတွက် တိုက်ရိုက်အကျိုးကျေးဇူးများနှင့် ဂေဟဝန်ဆောင်မှုများကို ဆောင်ကြဉ်းပေးနိုင်သည်။ ရေတိမ်ဒေသများသည် လူနေဒေသများနှင့် စိုက်ပျိုးဧရိယာများအား ရေကြီးရေလျှံမှုမဖြစ်စေရန် ရေလွှဲဒေသများအဖြစ်တည်ရှိခြင်း၊ တန်ဖိုးရှိငါး၊ ပုစွန်တို့၏ ဘဝစက်ဝန်းတွင် ဥချသားပေါက်သည့် ဒေသများဖြစ်ခြင်း၊ မြေအောက်ရေ တိုးပွားစေခြင်းနှင့် သန့်စင်စေခြင်း၊ ရာသီဥတုထိန်းညှိပေးခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ဒေသခံပြည်သူလူထု၏ စားဝတ်နေရေးအတွက် ရေထွက်ပစ္စည်းများပံ့ပိုးပေးခြင်းစသည့် တိုက်ရိုက်နှင့်သွယ်ဝိုက် အကျိုးကျေးဇူးများ ပေးနိုင်သည်။

မိုးယွန်းကြီးအင်း ဘေးမဲ့တောဝန်ထမ်းများအား ဒုတိယဝန်ကြီးက မိုးယွန်းကြီးအင်း ရေအဝင်အထွက်ကိန်းဂဏန်းအချက်အလက်များနှင့် အင်း၏ကြမ်းပြင် (Lake Bed) မြင့်တက်မှု အခြေအနေများကို နမူနာကွက်များသတ်မှတ်၍ တိုင်းတာမှတ်တမ်းတင်ရန်၊ နွေရာသီတွင် ရေမျက်နှာပြင် နိမ့်ကျမှုကြောင့် ပေါ်ပေါက်လာသော လတာပြင်များသည် အင်းအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ၏ ဘဝဖြစ်စဉ်တွင် အရေးပါသည့်အပြင် ဒေသတွင်းငှက်မျိုးများနှင့် ဆောင်းခိုငှက်များ ကျက်စားရာ နေရာများလည်း ဖြစ်သဖြင့် လယ်မြေကျူးကျော်စိုက်ပျိုးခြင်း၊ စားကျက်ချခြင်းများ မပြုလုပ်ရေးကို ပညာပေးစည်းရုံးခြင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်ကိုင်တွယ် ဆောင်ရွက်ခြင်းများပြုလုပ်ရန်နှင့် ကန်အတွင်းပျက်စီးယိုယွင်းနေသည့် ငှက်ကြည့်စင်များကို ပြင်ဆင်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နည်းပြအပြောင်းအလဲလုပ်ပြီးမှ နိုင်ပွဲပြန်လည်ရရှိခဲ့သည့် ရတနာပုံ

မန္တလေး ဖေဖော်ဝါရီ ၉

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (၅) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ပြန်လည်ကျင်းပရာ ရတနာပုံအသင်းက ဇေယျာရွှေမြေအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။

ပွဲစဉ်(၄) အပြီးတွင် ဆားဘီးယားလူမျိုးနည်းပြ ဘောရစ်ဘန်ဂျက်ကို ထုတ်ပယ်ပြီး လက်ထောက်နည်းပြ ဦးဇော်လေးအောင်နှင့် အသင်းခေါင်းဆောင် အောင်ကျော်မိုးတို့ကို ပူးတွဲကိုင်တွယ်စေခဲ့သည့် ရတနာပုံအသင်း၏ အပြောင်းအလဲမှန်ကန်ခဲ့ပြီး နိုင်ပွဲရယူနိုင်ခဲ့သည်။ ရတနာပုံအသင်းမှာ ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသားအဖြစ် နောက်ခံလူ ဒီဂျမ်သာပါဝင်ခဲ့ပြီး ပြည်တွင်းကစားသမားအများစုဖြင့် သာယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။ ရတနာပုံတို့အိမ်ကွင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ကောင်းစည်သူနှင့် ရန်ပိုင်တို့ တိုက်စစ်အတွဲမှာလည်း အချိတ်အဆက်မိမိ ကစားနိုင်ကာ အနိုင်ဂိုးများကို ၂၄ မိနစ်တွင် ကောင်းစည်သူနှင့် ၄၈ မိနစ်တွင် ရန်ပိုင်တို့က သွင်းယူပေးခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ - စိုးညွန့်

လေးပွဲဆက်နိုင်ပွဲရထားသည့် ဇေယျာရွှေမြေအသင်းမှာ အဝေးကွင်းတွင် ထင်သလောက်ခြေစွမ်းမပြနိုင်ဘဲ ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ယခုရာသီအိမ်ကွင်း၌ နိုင်ပွဲမရသေးသည့် ရတနာပုံအသင်းအနေဖြင့် ပထမဆုံးအိမ်ကွင်းတွင်နိုင်ပွဲရခဲ့ပြီး ဇေယျာရွှေမြေအသင်းမှာမူ ရှုံးပွဲကြောင့်ထိပ်ဆုံးနေရာမှ ဖယ်ပေးခဲ့ ရသည်။

YUSC ကွင်း

ရန်ကုန်ယူနိုက်တက် - နှစ်ဂိုး
ကျော်ကိုကိုနှင့် ကိုနေး
နေပြည်တော် - ဂိုးမရှိ

သုဝဏ္ဏကွင်း

မကွေး - နှစ်ဂိုး (အာမို့)
Southern - တစ်ဂိုး (ရန်နိုင်ထွေး)

အောင်ဆန်းကွင်း

ဧရာဝတီ - နှစ်ဂိုး
(လီအန်ဒရိုနှင့် နေလင်းထွန်း)
ရခိုင်ယူနိုက်တက် - ဂိုးမရှိ

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ဟံသာဝတီ နှင့် ကမ္ဘောဇ

အောင်ဆန်းကွင်း

ဇွဲကပင် နှင့် မနောမြေ

ဂါးရက်ဘေးလ်၏ နှစ်ဂိုးဖြင့် စပါးတို့ နယူးကာဆယ်ကိုနိုင်

လန်ဒန် ဖေဖော်ဝါရီ ၉

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ်များကို ဖေဖော်ဝါရီ ၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ စပါးအသင်းက ဂါးရက်ဘေးလ်၏ သွင်းဂိုးနှစ်ဂိုးဖြင့် နယူးကာဆယ်ကို အနိုင်ရရှိသွားခဲ့သည်။

ဂါးရက်ဘေးလ်သည် စပါးအသင်းအတွက် ပွဲချိန် ၅ မိနစ်တွင်လည်းကောင်း၊ ၇၈ မိနစ်တွင်လည်းကောင်း ဂိုးများသွင်းယူခဲ့သည်။ နယူးကာဆယ်အသင်း၏ တစ်လုံးတည်းသော ချေပဂိုးကို ဂေါဖရန်က ပွဲချိန် ၂၄မိနစ်တွင် သွင်းယူခဲ့သည်။

ပထမပိုင်းတွင်း တစ်ဖက်တစ်ဂိုးစီ အပြန်အလှန်သွင်းယူခဲ့သော်လည်း အိမ်ရှင်စပါးက ကစားကွက်အသာရခဲ့သည်။ စပါးအတွက် အနိုင်ဂိုးကို ဂါးရက်ဘေးလ် သွင်းယူလိုက်သဖြင့် အိမ်ကွင်း၌ အမှတ်ပြည့်သုံးမှတ်ရယူနိုင်ခဲ့သည်။

(ကျော်ကျော်-ရေးသည်)

● ***ရှေ့ဖုံးမှ***

ပေးရခြင်း၊ အစိုးရအရာရှိများ၊ တရားသူကြီးများ၏ ဥပဒေအနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းကို ဥပဒေဖြင့် ကန့်သတ်ထားသင့်ခြင်းနှင့် မျှတသော၊ ဘက်မလိုက်သော တရားစီရင်ရေး အခွင့်အရေးရရှိစေခြင်းတို့ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံ တရားစီရင်ရေးစနစ်သည် ကမ္ဘာပေါ်ရှိ တရားသူကြီးအဆက်ဆက် ကျင့်သုံးခဲ့ကြသော အပြည်ပြည်ဆိုင်ရာဥပဒေစည်းမျဉ်းများဖြစ်သည့် ဥပဒေအဆိုအမိန့်များ၊ ဓလေ့ထုံးစံများ၊ စီရင်ထုံးများစသည့် အရင်းအမြစ်များအပေါ်တွင် အခြေခံကြောင်း၊ သို့ဖြစ်ရာ တရားစီရင်ရာ၌ အမှန်တရားကို ဆောင်ရွက်ခြင်းသာမက ထိုသို့ဆောင်ရွက်ကြောင်းကို အများမြင်သာစေရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့် တရားမျှတမှုသည် ခွဲခြား၍ မရပါကြောင်း၊ မျှတသောဥပဒေသည် တရားမျှတမှုအတွက် အဓိကဖြစ်သည်ကို ပြောရန်မလိုပါကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် တရားမျှတမှုရရှိစေသည့် အချက်တစ်ချက်ဖြစ်ပါကြောင်း၊ လူ့အဖွဲ့အစည်းတွင် တရားဥပဒေစိုးမိုးမှသာ တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှု၊ ဒီမိုကရေစီရရှိမှုတို့ ရရှိမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ နိုင်ငံတော်သို့ ပြောကြားသည့် အဖွင့်မိန့်ခွန်း(Mission Statement) တွင် ကောင်းမွန်သော အုပ်ချုပ်မှုနှင့်သန့်ရှင်းသောအစိုးရ၏ အရေးပါပုံကို မီးမောင်းထိုးပြခဲ့ပါကြောင်း၊ ကောင်းမွန်သော အုပ်ချုပ်မှုဆိုသည်မှာ စီမံအုပ်ချုပ်ရေးတာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အုပ်ချုပ်သူများသည် စည်းကမ်းရှိရမည်၊ စနစ်ကျရမည်၊ ဥပဒေနှင့်အညီ ဖြစ်ရမည်ဟုဆိုလိုပါကြောင်း၊ သန့်ရှင်းသောအစိုးရဆိုသည်မှာ တာဝန်ရှိပုဂ္ဂိုလ်များသည် ဥပဒေကိုလေးစားရမည်ဖြစ်ကြောင်း၊ ကောင်းမွန်သော ကိုယ်ကျင့်တရားကို ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားခြင်းမှ ရှောင်ကြဉ်ရမည်ဟု ဆိုလိုပါကြောင်း၊ တရားဥပဒေစိုးမိုးရေး ရည်မှန်းချက်များသည် ဒီမိုကရေစီအသွင်ကူးပြောင်းရာတွင် အသေချာအနန္တဖြစ်ပါကြောင်း။

အလားတူ တရားဥပဒေစိုးမိုးရေးတွင် ပါရှိသည့်အချက်များဖြစ်သည့် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်သည့်ပြဋ္ဌာန်းချက်များကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) တွင် ထည့်သွင်းပြဋ္ဌာန်းထားပါကြောင်း၊ ယင်းကိုဖော်ပြရလျှင် အခြေခံအခွင့်အရေး ချိုးဖောက်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသော ရှေ့တော်သွင်းစာချွန်တော်၊ အာဏာပေးစာချွန်တော်၊ တားမြစ်စေ စာချွန်တော်၊ အာဏာပိုင်မေး စာချွန်တော်နှင့် အမှုခေါ်စာချွန်တော်ဟူသော စာချွန်တော်(၅) မျိုးဖြင့် နိုင်ငံသားများကို ကာကွယ်ပေးထားပါကြောင်း၊ ပြည်သူတို့၏ ဆန္ဒဖြစ်သော တည်ငြိမ်ရေးနှင့် သာယာဝပြောရေးကို အကောင်အထည်ဖော်ရာတွင် တရားဥပဒေစိုးမိုးမှုသည် အခြေခံအုတ်မြစ် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံတွင် လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ခြင်းနှင့် ပပျောက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံရေးခံယူချက် ဖြစ်ရာ လာဘ်ပေးလာဘ်ယူမှုရှိလျှင် တရားဥပဒေစိုးမိုးရေး မထွန်းကားနိုင်ပါကြောင်း၊ အစိုးရသစ်တာဝန်ယူပြီးနောက်ပိုင်း ကောင်းမွန်သော အုပ်ချုပ်မှုနှင့် သန့်ရှင်းသောအစိုးရပေါ်ထွက်လာရေးအတွက် ကြိုးပမ်းမှု၏အစိတ်အပိုင်းအဖြစ် ဒုတိယသမ္မတတစ်ဦး ဦးဆောင်သော လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းခဲ့ပြီး အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရန်လုပ်ငန်းကော်မတီ ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ဥပဒေပြုရေးကဏ္ဍတွင်လည်း တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စများကို သုံးသပ်နိုင်ရန် ၂၀၁၂ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း။

ဤနှီးနှောဖလှယ်ပွဲမှ တရားဥပဒေစိုးမိုးရေး၏ အဓိပ္ပာယ်နှင့် ၎င်း၏အနှစ်သာရ၊ တရားဥပဒေစိုးမိုးရေး၏ ကွဲပြားသော သဘောတရားများ၊ တရားဥပဒေစိုးမိုးရေး ပြောင်းလဲမှုလုပ်ငန်းစဉ်နှင့် သက်ဆိုင်သောမြန်မာနိုင်ငံ၏ လူမှုသီအိုရီနှင့် တန်ဖိုးများ၊ နှီးနှောဖလှယ်ပွဲ၏ မူလအကျိုးကျေးဇူးများနှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ဆွေးနွေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဥရောပသမဂ္ဂမှ အဖွဲ့ခေါင်းဆောင် သံအမတ်ကြီး Mr. David Lipman က ယခုအခါတွင် မြန်မာနိုင်ငံ၌ သမိုင်းဝင် ပြောင်းလဲမှုများဖြစ်ပေါ်နေသည်ကို မိမိတို့ အသိအမှတ်ပြုပါကြောင်း၊ ဒီမိုကရေစီစနစ်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ လူ့အခွင့်အရေးကို အားပေးမြှင့်တင်နေမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်နေမှုစသည်တို့ကို ဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့သော အဆင့်မြင့်ဆွေးနွေးပွဲကို ပထမဦးဆုံး ကျင်းပခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီ၏တန်ဖိုးများ၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးတို့သည် ကမ္ဘာ့နိယာမများပင် ဖြစ်ပါကြောင်း၊ ဥရောပသမဂ္ဂအနေဖြင့် ဒီမိုကရေစီ၏တန်ဖိုးဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရေးတို့ကို အလေးထားလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း တရားဥပဒေစိုးမိုးရေးနှင့်ပိုမိုကျယ်ပြန့်သော ပြုပြင်ပြောင်းလဲမှုများအတွက် ကူညီပေးရန် အသင့်ရှိပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဘက်မှ ဆွေးနွေးချက်များကိုရယူပြီး လိုအပ်သည်များကို မိမိတို့က ပံ့ပိုးပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုသည် ကမ္ဘာ့ပြည်သူများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများကို ကာကွယ်ပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ယခုကျင်းပသည့် ဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆွေးနွေးပွဲဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ တရားဥပဒေစိုးမိုးသည့် လူ့အသိုင်းအဝိုင်းကို ထူထောင်ရန်နှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရန် များစွာအရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံရှိ ဥပဒေများမှာ ခေတ်နှင့် လျော်ညီအောင် ပြုပြင်ရေးဆွဲသင့်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရာတွင် ဦးစားပေးအစီအစဉ်များ သတ်မှတ်ဆောင်ရွက်ရမည်ဖြစ်ရာ စီးပွားရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း ရှိလာနေပြီ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် တရားရုံးများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် ကြိုးစားကြရန် လိုပါကြောင်း၊ တရားဥပဒေစိုးမိုးသည့် ဒီမိုကရက်တစ် အသိုက်အဝန်း ထူထောင်ရန် ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း၊ လွတ်လပ်၍ သန့်ရှင်းစင်ကြယ်ပြီး တရားဥပဒေစိုးမိုးသည့် နိုင်ငံဖြစ်လာစေရေးအတွက် အားလုံးက လိုက်နာလုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ထည့်သွင်း ပြောကြားခဲ့သည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဆွေးနွေးပွဲကို အစီအစဉ်များအတိုင်း ညနေပိုင်းအထိ ဆက်လက်ကျင်းပခဲ့ကြသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ဆောက်တည်စို့

❁ ညီနောင်တွေ တည်ထောင်ပြု
ပြည်ထောင်စု မြန်မာ၊
သွေးချင်းတွေ တူလက်တွဲ
မခွဲခဲ့ပါ၊
ရန်အပေါင်းရှင်းခဲ့ရာ
ညီညီညာ ဖြိုဖျက်ခွင်း၊
သမိုင်းစဉ် တကယ်သန့်တယ်
ခန့်ပါဘိခြင်း။

❁ တောင်ပေါ်နေ မြေပြန့်သား
တစ်သားတည်း အတူတူ၊
ဓလေ့ဟန် ဘယ်မခြား
ရိုးသားစင်ဖြူ၊
သူလိုရင်ကိုယ်ကူ
မငြူစူရိုင်းပင်း၊
တို့ညီနောင် ပြည်ထောင်စု
ရှုလော့မြင်ကွင်း။

❁ တို့ပြည်ထောင် နောင်အရေး
ချင့်တွေးလို့ဆိုပါချင်၊
စနစ်ဟန် ခေတ်ဟန်ပြောင်း
ကောင်းလှချိန်တွင်၊
ပြည်ထောင်စု နယ်တစ်ခွင်
ယမ်းငွေ့စင် ငြိမ်းချမ်းရေး၊
စီးပွားကြွယ် ကုံလုံဖို့
နည်းများအသွယ်သွယ်အဖုံဖုံနဲ့
အစုံစုံ မြင့်ရာရောက်အောင်
ဆောက်တည်စို့လေး...။ ။

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

မောင်စိမ်းနောင် (လယ်ဝေး)

ဒေသဝန်းကျင်အလှဆင်မည့် ရွှေကျင် မဒေါက်ကလေးတံတားစီမံကိန်း

သတင်း-ပိန်းဇလုပ် သိန်းညွှန့်
ဓာတ်ပုံ-ရန်အောင်ထွန်း-(ပိန်းဇလုပ်)

ပဲခူးတိုင်းဒေသကြီး ရွှေကျင် မဒေါက်ဒေသတွင် ဖြစ်မြဲ မိုးရေချိန် လက်မ ၁၅၄ ဒသမ ၈၈ လက်မ မိုးရွာသွန်းရာ မိုးရာသီ၌ စစ်တောင်းမြစ်နှင့် ရွှေကျင်ချောင်းတို့မှ တက်သောမြစ်ရေ၊ ချောင်းရေတို့ဖြင့် ရွှေကျင်မြို့နှင့် မဒေါက်မြို့တစ်ဝိုက် မိုးရာသီ ရေတဖွေးဖွေး၌ လှေကလေးများသာမက စက်လှေများ ကုန်းပေါ်၌ပင် မောင်းနှင်၍ ရလောက်ပေသည်။ အဆိုပါ ရေဖွေးဖွေးတို့မှာ မိုးကုန်သည်နှင့်တစ်ပြိုင်နက် မိုးနှင့်အတူ လွင့်စဉ်ပျောက်ကွယ်ကြရာ စစ်တောင်းမြစ်နှင့် ရွှေကျင်ချောင်းတို့တွင် အနည်းငယ်သာ ကျန်ရှိလေ့ရှိသည်။

စင်စစ် ရွှေကျင်မြို့နှင့်မဒေါက်မြို့တို့မှာ စစ်တောင်းမြစ်၏ ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းရှိ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသည့် မြို့နှစ်မြို့ဖြစ်၍ တစ်မြို့နှင့်တစ်မြို့ အနေနီးသော်လည်း ရေစီးသန်သည့် စစ်တောင်းမြစ်က ပိုင်းခြားထားသဖြင့် တစ်ချိန်သောအခါက တစ်မြို့နှစ်တစ်မြို့ သွားလာရခက်ခဲလှသည်။

သို့ရာတွင် မဒေါက်မြို့နှင့် ရွှေကျင်မြို့တို့ကို တားဆီးထားသော စစ်တောင်းမြစ်ကိုဖြတ်၍ တည်ဆောက်ထားသည့် အရှည်ပေ ၁၅၀၀ နှင့် တန်ချိန် ၃၆ တန် ခံနိုင်ဝန်အားရှိ သံကူကွန်ကရစ် အမျိုးအစား စစ်တောင်းမြစ်ကူးတံတား (ရွှေကျင်-မဒေါက်)ကို ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က ဖွင့်လှစ်ပေးခဲ့ရာ ရွှေကျင်နှင့်မဒေါက်မြို့တို့အကြား စစ်တောင်းမြစ်ကူးတံတား (ရွှေကျင်-မဒေါက်) က ငွားငွားစွင့်စွင့် ပေါ်ထွန်းလာခဲ့ပေပြီ။

ယခုအစိုးရသစ်လက်ထက်တွင်လည်း ရွှေကျင်မြို့အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာတွင် တည်ဆောက်အကောင်အထည်ဖော်ထားသည့် ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးမှ စက်အမှတ်(၄)ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင်လည်းကောင်း၊ စက်အမှတ်(၃)ကို ၂၀၁၁ခုနှစ် မတ် ၂၀ ရက်တွင်လည်းကောင်း၊ စက်အမှတ်(၂)ကို ၂၀၁၁ ခုနှစ် မေ ၂၅ ရက်တွင်လည်းကောင်း တပ်ဆင်ပြီးစီး၍ စက်သုံးလုံးမှာ လျှပ်စစ်ဓာတ်အား ၅၆ ဒသမ ၇၅ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်ပြီဖြစ်၍ ရွှေကျင်မြို့နှင့် မဒေါက်မြို့တို့အတွက် မြို့ကျက်သရေဆောင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးလည်း ပေါ်ထွန်းလာသည်။

ထို့အပြင် ယခုတစ်ဖန် ရွှေကျင်မြို့နယ် မဒေါက်၊ ညောင်လေးပင်၊ ရန်ကုန်မြို့များသို့ ဆက်သွယ်ထားသည့်ရွှေကျင်မြို့နယ် အနောက်ဘက်ကျေးရွာအုပ်စုရှိ မဒေါက်ကလေးတံတား (ညောင်လေးပင် - ပုဇွန်မြောင်း-မဒေါက်-ရွှေကျင်) လမ်းပေါ်မိုင်တိုင်အမှတ် ၁၂/၀ရှိ ယခင်က သံပေါင်ဘေလီတံတား ခံနိုင်ဝန်ခြောက်တန်သာရှိပြီး ၎င်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးလွန်းသဖြင့် နိုင်ငံတော်အစိုးရက ခံနိုင်ဝန်ခြောက်တန်တံတားအစား ခံနိုင်ဝန်တန် ၆၀ တံတားအဖြစ် တည်ဆောက်ပေးလျက် ယခင်လမ်း၏ အကျယ်မှာ ၁၂ ပေသာရှိပြီး ယခုအခါ လမ်းအကျယ် ၂၄ ပေအထိ တိုးချဲ့အသစ်တည်ဆောက်ပေးနေကြောင်း သိရသည်။ တံတားအမျိုးအစား တံတားအရှည်ပေ ၆၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ခွင့်ပြုအလေးချိန်တန် ၆၀၊ တံတားရေကင်းလွတ်အမြင့်ခြောက်ပေ၊ သံကူကွန်ကရစ်တံတားဖြစ်ကြောင်း၊ တံတားကို ၂၀၁၂ ခုနှစ် အောက်တိုဘာ ၄ ရက်က စတင် ဆောက်လုပ်ခဲ့ကာ ယခုဆိုလျှင် ၄၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း**(အပေါ်ပုံ)** မဒေါက်ကလေး တံတားတည်ဆောက်ရေး တာဝန်ခံ ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူး အဖွဲ့(၂)မှ AE ဦးလှညွှန့်က ရှင်းပြသည်။ ယခင်က ရွှေကျင်၊ မဒေါက်နှင့် ညောင်လေးပင် ကူးသန်းရာတွင် တွေ့ကြုံရသောဒုက္ခ၊ အခက်အခဲများစွာတို့သည် ယခုအခါ နိုင်ငံတော်၏စေတနာ၊ နိုင်ငံတော်၏ အစီအစဉ်များကြောင့် ပျက်ပြယ်သွားရ ပြီဖြစ်သည်။ ရွှေကျင်မှ မဒေါက်၊ ညောင်လေးပင် နိုင်ငံအဝန်းဒေသ အသီးသီးတို့ အရောက်ခရီးပေါက်မည့်တံတားကြီးတစ်စင်း တည်ဆောက်ပေးထားရာမှ နောက်ထပ် မဒေါက်-ကလေးတံတားသစ်ကြီး တစ်စင်း တည်ဆောက်နေပြီဖြစ်၍ မဝေးလှသောကာလတွင် ဒေသဖွံ့ဖြိုးမှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်များကို မြင်ယောင်ရင်း အပြန်ခရီးတွင် တက်ကြွသောအားမာန်များနှင့်အတူ ရွှင်လန်းဝမ်းမြောက်ကာ ပီတိတွေ ဝေဖြာနေမိပါသည်။

❖ ***ကျောဖုံးမှ***

အနံ ၁၅ ပေရှိသော အခန်းများဖြစ်သည်။ နောက်ထပ်လည်း အဝတ်လဲခန်းများ ထပ်မံတည်ဆောက်ရန် ရှိနေသည်။

ထိုသို့ အားကစားသမားများတွင် အဝတ်လဲခန်းအသစ်များ ထပ်မံတည်ဆောက်ရာတွင် အလျားပေ ၃၀ နှင့် အနံပေ ၂၀ ရှိသည့် အခန်းနှစ်ခန်းပါရှိမည်ဖြစ်ပြီး မီဒီယာသမားများအတွက် အလျားပေ ၃၀ နှင့် အနံပေ ၂၀ ရှိသော အခန်းတစ်ခန်းလည်း ပါရှိမည်ဖြစ်သည်။ ထို့အပြင် တာဝန်ကျဒိုင်လူကြီးနှင့် တာဝန်ကျ ဝန်ထမ်းများအတွက် အဝတ်လဲခန်း တစ်ခန်းကိုလည်း အလျားပေ ၃၀ နှင့်အနံပေ ၂၀ အကျယ်ရှိသော အခန်းအဖြစ် ဖွဲ့စည်းတည်ဆောက်မည်ဖြစ်သည်။

ဆီးဂိမ်း၌ ဟော်ကီပြိုင်ပွဲကျင်းပမည့် သိမ်ဖြူဟော်ကီကွင်းကို တည်ဆောက်ရာတွင် ပွဲကြည့်စင်နှင့် မြက်ခင်းတုကွင်း မြေသားပြုပြင်မှုလုပ်ငန်းများကို မြန်မာအင်ဂျင်နီယာများက ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်သည်။ ဟော်ကီကစားကွင်းကြမ်းခင်းဧရိယာကို အလွှာလေးလွှာဖြင့် ပြုလုပ်ထားသည်ကို တွေ့ရသည်။ အောက်ဆုံးစတုတ္ထအလွှာဖြစ်သည့် ကျောက်သားအလွှာကို မြန်မာအင်ဂျင်နီယာများကပြုလုပ်ပြီး ဒုတိယအလွှာဖြစ်သော နိုင်လွန်ကတ္တရာအလွှာကိုလည်းမြန်မာအင်ဂျင်နီယာများကပြုလုပ်ထားခြင်းဖြစ်သည်။

ကျန်သည့် အပေါ်နှစ်လွှာဖြစ်သော တတိယအလွှာ elasticlayer နှင့်စတုတ္ထအလွှာဖြစ်သည့် မြက်ခင်းတုခင်းခြင်းများကို ဂျာမနီနိုင်ငံမှ ပညာရှင်များက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သိမ်ဖြူဟော်ကီကွင်းသည် နိုင်ငံတကာစံချိန်စံညွှန်းများအတိုင်း တည်ဆောက်ထားသည့် အားကစားကွင်းဖြစ်သည်ကို တွေ့ရသည်။

လောလောဆယ်အနေအထားသည် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ဟော်ကီပြိုင်ပွဲများ ကျင်းပရန် အသင့်အနေအထားရှိနေပြီဖြစ်ရာ လိုအပ်သည့် အခန်းဖွဲ့စည်းမှုများပြီးဆုံးပါက ပြည့်စုံသော ဟော်ကီအားကစား ကွင်းအဖြစ်ရောက်ရှိလာ မည်ဖြစ်သည်။

သိမ်ဖြူဟော်ကီ အားကစားကွင်းသည် မကြာမီက မြန်မာနိုင်ငံအမျိုးသားအားကစား ကော်မတီဥက္ကဋ္ဌဖလား ဟော်ကီပြိုင်ပွဲနှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားပြိုင်ပွဲများကို လက်ခံကျင်းပနိုင်ခဲ့ပြီဖြစ်ရာ လာမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် လက်ခံကျင်းပရန် အပြီးသတ်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိနေပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

တမူး-စေတီလမ်းပေါ်ရှိ နန်းသလက်ချောင်းကူးတံတားကို ကသည်းသောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီး

တမူး ဖေဖော်ဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့နယ်ခွဲ တမူးမြို့မှ မြောက်ဘက် မိုင် ၂၀ ခန့်အကွာ ကျွန်းပင်သာကျေးရွာနှင့် တုံးကျော်ကျေးရွာကြား တမူး-စေတီကားလမ်း မိုင်တိုင်အမှတ် (၂၀/၁) အနီး အရှည်ပေ ၂၄၀ရှိ နန်းသလက် ချောင်းကူးတံတား (သံပေါင်ဘေလီ သစ်သားကြမ်းခင်းတံတား)ကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁ နာရီခန့်တွင် ကသည်းသောင်းကျန်းသူများက ဝိုင်ယာကြိုးဖြင့် ရှော့ခ်တိုက်ဖောက်ခွဲမှုပြုလုပ်ခဲ့ရာ တံတား၏ မြောက်ဘက်ခြမ်းတစ်ခန်းလျှင် ၁၀ ပေရှိ အခန်းခြောက်ခန်းတွင် တံတားကြမ်းခင်းများ ပျက်စီးခြင်း၊ ၁၈ ပေအရှည်ရှိ သံရက်မငါးချောင်း၊ ၁၀ ပေအရှည်ရှိသံပေါင်ဆင့် အချောင်း ၂၀ နှင့် တံတားအောက်ခံ PR.3 ကွန်ကရစ်တိုင်တစ်တိုင် ပြိုလဲပျက်စီးခဲ့ပြီး ဆုံးရှုံးမှုခန့်မှန်း တန်ဖိုးငွေကျပ်သိန်း ၃၀၀ ခန့်ရှိကြောင်း သိရှိရသည်။

အခင်းဖြစ်နေရာအား ခရိုင်မှ တာဝန်ရှိအုပ်ချုပ်ရေး၊ လုံခြုံရေး၊ အဖွဲ့အစည်းအကြီးအကဲများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့တို့မှ သွားရောက်စစ်ဆေးခဲ့ရာ အခင်းဖြစ်တံတားအနီးမှ ပေ ၂၀၀ ခန့်ရှိ အနီ/အဝါ နှစ်ပင်လိမ်ဝိုင်ယာကြိုးတစ်ချောင်းနှင့် တံတား၏မြောက်ဘက် ပေ ၃၀၀ ခန့်အကွာ ကားလမ်းမပေါ်မှ အောက်ပါအင်္ဂလိပ်စာဖြင့် ရေးသားထားသည့် စာရွက်သုံးရွက်ကို တွေ့ရှိခဲ့ပြီး-

LONG LIVE UNLFs
LONG LIVE
MEGHEN
KABAW VALLEY
BELONGS TO
MANIPURIS &
NOT TO
BURMESE DOGS

စာတန်း၏ မြန်မာဘာသာပြန်ဆိုမှုမှာ “UNLF၊ တည်တံ့ပါစေ၊ ကဘော်ချိုင့်ဝှမ်းဒေသသည် မဏိပူပြည်နယ်နှင့်သာ သက်ဆိုင်ပါသည်။ ဗမာခွေးများနှင့် မသက်ဆိုင်ပါ” ဖြစ်ကြောင်း သိရှိရသည်။

တံတားပျက်စီးသွား၍ တံတားပေါ်မှ ယာဉ်များသွားလာနိုင်ခြင်းမရှိသော်လည်း ယာဉ်များသည် တံတား၏နောက်ဘက် ကွင်းလမ်းမှချောင်းကိုဖြတ်ကူးသွားလာလျက်ရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့က ပြန်လည်ပြုပြင်ဆောင်ရွက်နေကြောင်း သိရှိရသည်။

၎င်းဖြစ်စဉ်သည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၇ နာရီက တမူးမြို့နယ် စန္ဒကူး(၃)ရပ်ကွက် အိမ်အမှတ် ၂၀ ဦးစိုးမြင့်ဝင်းနှင့် ဒေါ်ဖြူဖြူဝင်းတို့ နေအိမ်မြေအောက်ခန်းမှ ဖမ်းဆီးရမိခဲ့သော လက်နက်မျိုးစုံ ၉၆ လက်နှင့် ခဲယမ်းများမှာ ကသည်းသောင်းကျန်းသူ United National Liberation Front (UNLF), “ပြည်ထောင်စုအမျိုးသားလွတ်မြောက်ရေးတပ်ဦးအဖွဲ့” ပိုင်ဖြစ်၍ ယင်းအဖွဲ့က မကျေနပ်သဖြင့် တံတားကို ဖောက်ခွဲဖျက်ဆီးခြင်းဖြစ်ကြောင်း သိရှိရသည်။ **(၁၅၈)**

ပြည်ထောင်စုနေ့အကြို ကတ္တရာလမ်းသစ်ဖွင့်

ဆီဆိုင် ဖေဖော်ဝါရီ ၉

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ခဲ့သော ဆီဆိုင်မြို့ အောင်ချမ်းသာရပ်ကွက် ဗိုလ်ကတော်ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ဦးခွန်မောင်ပယ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းဝင်းတို့က ဒေသဖွံ့ဖြိုးရေး၊ လမ်းတံတားပြုပြင်တည်ဆောက်ရေး စီမံချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဗိုလ်ကတော်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(ဝ၅၅)**

သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်အတွင်း နေ့စဉ်မောင်းနှင်နေသော မော်တော်ယာဉ်များသည် အကြောင်းအမျိုးမျိုးကြောင့် လမ်းလယ်တွင် ရပ်တန့်ခြင်း၊ ယာဉ်ကြောနှစ်ထပ်ရပ်ခြင်း၊ လမ်းပိတ်ရပ်ခြင်း၊ ဖြူနီကျားရပ်ခြင်း၊ လမ်းထောင့်လမ်းကွေ့တွင်ရပ်ခြင်းများအပြင် စည်းကမ်းမဲ့ရပ်တန့်လျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ စည်းကမ်းမဲ့ရပ်တန့်ခြင်းများကို တွေ့ရှိပါက အောက်ပါမြို့နယ်များအလိုက် သတ်မှတ်ထားသည့် ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ သတင်းပေးတိုင်ကြားနိုင်ပါသည်။ တိုင်ကြားခံရသည့် မော်တော်ယာဉ်ကို မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများနှင့် အရေးယူခံရမည့်အပြင် ကရိန်းယာဉ်သယ်ယူပို့ဆောင်ရေးစရိတ်ပါ ပေးဆောင်ရမည်ဖြစ်ကြောင်း ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

ဦးကျော်ရင် ကရိန်းလုပ်ငန်း

(၁) အင်းစိန်မြို့နယ်
(၂) လှိုင်မြို့နယ်
(၃) လှိုင်သာယာမြို့နယ်
(၄) မရမ်းကုန်းမြို့နယ်
(၅) ရန်ကင်းမြို့နယ်
(၆) ဗဟန်းမြို့နယ်
(၇) သယ်န်းကျွန်းမြို့နယ်
(၈) တာမွေမြို့နယ်
(၉) မင်္ဂလာတောင်ညွန့်မြို့နယ်
(၁၀) သာကေတမြို့နယ်

၀၉-၇၃၂၂၉၁၉၉
၀၉-၄၄၈၀၀၅၂၆၈
၀၉-၄၂၀၀၅၄၄၃၃
၀၉-၄၂၀၀၆၄၆၂၉
၀၉-၈၆၂၉၇၁၂

(၁၁) ဒေါပုံမြို့နယ်
(၁၂) ဗိုလ်တထောင်မြို့နယ်
(၁၃) ပုဇွန်တောင်မြို့နယ်
(၁၄) ကျောက်တံတားမြို့နယ်
(၁၅) ပန်းဘဲတန်းမြို့နယ်
(၁၆) လသာမြို့နယ်
(၁၇) လမ်းမတော်မြို့နယ်
(၁၈) ဆိပ်ကမ်းမြို့နယ်
(၁၉) ရွှေပြည်သာမြို့နယ်
(၂၀) မင်္ဂလာဒုံမြို့နယ်

၀၉-၇၃၂၂၉၁၉၉
၀၉-၄၄၈၀၀၅၂၆၈
၀၉-၄၂၀၀၅၄၄၃၃
၀၉-၄၂၀၀၆၄၆၂၉
၀၉-၈၆၂၉၇၁၂

LYNX Co., Ltd. ကရိန်းလုပ်ငန်း

(၂၁) စမ်းချောင်းမြို့နယ်
(၂၂) ကြည့်မြင်တိုင်မြို့နယ်
(၂၃) အလုံမြို့နယ်
(၂၄) ဒဂုံမြို့နယ်
(၂၅) ကမာရွတ်မြို့နယ်
(၂၆) ဒဂုံတောင်မြို့နယ်
(၂၇) ဒဂုံမြောက်မြို့နယ်
(၂၈) ဒဂုံအရှေ့မြို့နယ်
(၂၉) ဒဂုံဆိပ်ကမ်းမြို့နယ်
(၃၀) မြောက်ဥက္ကလာ
(၃၁) တောင်ဥက္ကလာ

၅၄၅၆၆၆
၅၅၉၅၆၇
၄၄၀၂၂၃
၅၄၅၈၈၈
၅၅၃၇၁၈

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြန်မာ့အလင်း
စာတည်းထံပေးစာများ

သံထည်လုပ်ငန်းရွှေ့ပြောင်းပေးပါ

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက် (၅၅)လမ်း(အလယ်)တွင် သံပန်း၊ သံတံခါးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ နေ့စဉ်နံနက်မှ ညမိုးချုပ်အထိ ထုရိုက်သံများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ၊ ကျောင်းသား ကျောင်းသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြပါသည်။ သို့ဖြစ်ပါ၍ သံထည်လုပ်ငန်းများအား စက်မှုဇုန်သို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူ လမ်းသားများ**

ညံတောရပ် (၁၃) လမ်း ရှင်းလင်းဖြောင့်တန်းစေလို

ပြင်ဦးလွင်မြို့ ညံတောရပ် (၁၃)လမ်း ရပ်ကွက်ကြီး(၂)ရုံးနှင့်ကပ်လျက်တန်းလျားတွင် အမှိုက်များ၊ ထင်းခြောက်များ၊ မြက်ခြောက်များ ကျောက်လမ်းပေါ်ထိ ထားရှိခြင်းကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရပြီး ကတ္တရာလမ်းပေါ်တွင် မြင်းများကိုချည်ထားခြင်းကြောင့် လမ်းကျဉ်းသွားပြီး ခရီးသွားများနှင့်ယာဉ်များသွားလာရန် ခက်ခဲနေပါသည်။ သို့ပါ၍ သက်ဆိုင်ရာက ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားများ**

စည်းကမ်းမဲ့ဝက်မွေးမြူသူများ ဖယ်ရှားပေးစေလို

မြောက်ဥက္ကလာပ ရွှေပေါက်ကံ (၁၂)ရပ်ကွက် အောင်မေတ္တာ (မြောက်ဘက်ခြမ်း)လမ်းအဆုံး လမ်းဆုံ အောင်မေတ္တာလမ်းမနှင့် အောင်ပန်းခိုင်လမ်းဆုံအနီး အိမ်တစ်အိမ်တွင် ဝက် များကို စည်းကမ်းမဲ့မွေးမြူထားမှုကြောင့် ပတ်ဝန်းကျင်ရှိပြည်သူများ ဝက်အညစ်အကြေးနံ့များကို ရှူရှိုက်နေကြရသဖြင့် အမြန်ဆုံးရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်နေပြည်သူများ

အမှိုက်ပုံအနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

လှိုင်သာယာ(၁၉)ရပ်ကွက်နှင့် (၁၆)ရပ်ကွက်ကြားရှိ တောင်ငူလမ်း အောင်သုခဈေးမျက်နှာစာ ကားလမ်းမနံဘေးရှိ အမှိုက်ပုံမှာ အနံ့ဆိုးများထွက်ရှိနေသောကြောင့် ပတ်ဝန်းကျင်ရှိနေအိမ်များမှ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် ကျောင်းသားများမှာ ကျန်းမာရေးထိခိုက်နေသဖြင့် သက်ဆိုင်ရာမှ အမှိုက်ပုံကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

ဝက်ခြံအနံ့ဆိုးဆောင်ရွက်ပေးပါ

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ ကဝိမင်္ဂလာလမ်းအတွင်းရှိ နေအိမ်တစ်အိမ်မှ နောက်ဖေးခြံတွင် ဝက်ခြံအခိုင်အမာဆောက်လုပ်၍ (CP)ဝက်များ စီးပွားဖြစ် မွေးမြူနေပြီး ၎င်းဝက်ခြံမှထွက်သော အနံ့အသက်ဆိုးများကြောင့် သက်ကြီးရွယ်အိုနှင့် ကလေးငယ်များ ကျန်းမာရေးထိခိုက်နေရပါသဖြင့် သက်ဆိုင်ရာမှ ဖြေရှင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

ရပ်ကွက်ထဲမှဝက်မွေးမြူလုပ်ငန်းရှင်းပေးပါ

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ မှန်တန်းရပ် ဝက်ကုန်းရပ်ကွက်ထိပ်တွင်ရှိသော လက်ဖက်ရည်ဆိုင်ပိုင်ရှင်တစ်ဦးက စီးပွားဖြစ် ဝက်များမွေးထားရာ ၎င်းဝက်များ၏ အနံ့ဆိုးများကို ရပ်ကွက်တွင်းနေ ပြည်သူများ ခံစားနေရသဖြင့် တာဝန်ရှိသူများ ဖြေရှင်းဆောင်ရွက်ပေးပါရန် တင်အပ်ပါသည်။

မှန်တန်းသား

ရပ်ကွက်အတွင်းစက်ရုံ စက်သံဆူညံ၊ မီးဘေးစိုးရိမ်ရ

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် မင်္ဂလာလမ်းရှိ ခြံဝင်းတစ်ခုတွင် ပလတ်စတစ်လုပ်ငန်းလုပ်နေသည်မှာ နှစ်ပေါင်းများစွာကြာမြင့်နေပြီ။ စက်ရုံမှစက်သံသည် ဘေးပတ်ဝန်းကျင်နေအိမ်များမှ လူအများနားမခံသာအောင် ဆူညံခြင်းနှင့် တောင်လိုပုံထားသော ပလတ်စတစ်ဘူးများကြောင့်လည်း မီးဘေးစိုးရိမ်နေရပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ ဖြေရှင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **နံ့သာကုန်းရပ်ကွက်သားများ**

ရေမီတာဖိုး တိုးကောက်မှုဖြေရှင်းပေးစေချင်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၂)ရပ်ကွက် စံရိပ်ငြိမ်(၆)လမ်း အမှတ် ၆၆/၆၈ တိုက် A+B စုပေါင်းပိုင်အဆောက်အအုံတွင် မြေရှင်ကိုယ်စားလှယ်ဆိုသူသည် ရေမီတာဖိုး ထပ်မံတိုးကောက်နေပါသဖြင့် တိုက်ခန်းနေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်နေရပါသည်။ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး၏ ညွှန်ကြားချက်အား မလိုက်နာဘဲ ၂၄ နာရီဖွင့်ပေးထားရမည့် အရေးပေါ်ထွက်ပေါက်ကို ၂၄ နာရီသော့ခတ်ပိတ်ပြီး မိမိကိုယ်ကျိုးအတွက် ကားဂိုဒေါင်အဖြစ်သုံးစွဲနေခြင်းကိုလည်း လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

တိုက်ခန်းနေသူများ

မိုးညှင်းမြို့နယ် သီးထပ်ပဲပုပ်စိုက်ပျိုးရေးတောင်သူများအတွက် အပိုဝင်ငွေအဆင်ပြေ

မိုးညှင်း ဖေဖော်ဝါရီ ၉

သီးနှံရောင်းဝယ်ရေး ဈေးကွက်တွင် ရောင်းလိုအားနှင့် ဝယ်လိုအား သွက်သွက်လက်လက်ဖြစ်လျှင် ဈေးကောင်းကောင်းနှင့် တောင်သူများအတွက် အဆင်ပြေစေသည်။ တောင်သူများအတွက် အပိုဝင်ငွေရရှိနေသည့် ဈေးကွက်ဝင် ပဲပုပ်ကို ယခင်နှစ်များကထက် ယခုနှစ်တွင် ပိုမိုစိတ်ပါဝင်စားစွာ လုပ်ကိုင်နေကြရာ ဆောင်းသီးနှံ ပဲပုပ်စိုက်ခင်းများကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် စိမ်းလန်းစိုပြည်စွာ ရှုမဆုံးပင်မြင်တွေ့ရသည်။

ယခုဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မိုးညှင်းမြို့နယ် ပဲပုပ်စိုက်ခင်းများ စုစုပေါင်း ဧက ၇၀၀၀ နီးပါးစိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

မိုးညှင်းမြို့နယ်၌ ပဲပုပ်သီးနှံစိုက်ပျိုးခြင်းကို လေ့လာရာတွင် ယခင်က ဒေသမျိုးကို မြေကောင်းကောင်း၌ စိုက်ပျိုးခဲ့ရာ ပဲပုပ်အစေ့တစ်ဧက ၁၀ တင်းမှ အများဆုံး ၁၅ တင်းသာထွက်ရှိခဲ့ပြီး ရာသီဥတုခံနိုင်ရည် အားနည်းသဖြင့် အပျက်အစီးရှိတတ်ကြောင်း ပဲပုပ်စိုက်တောင်သူတို့က ဆိုသည်။

သိပ္ပံနည်းကျ စမ်းသပ်ဖော်ထုတ် စိုက်ပျိုးခါသမယတွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ စမ်းသပ်စိုက်ပျိုးအောင်မြင်လျက်ရှိနေသည့် ပဲပုပ်သီးနှံမှာ ရေဆင်း ၆ ပဲပုပ်နှင့် MJ-9520 သက်ကြီးမျိုးပဲပုပ်ကို ၂၀၀၉ ခုနှစ်က စတင်၍ မိုးညှင်းတောင်သူများ စိုက်ပျိုးခဲ့သည်ကို တွေ့ရသည်။ ဒေသမျိုးထက် အထွက်နှုန်း ပိုမိုကောင်းကြောင်း တောင်သူများက ပြောသည်။ ယခုနှစ်တွင် ပဲပုပ်စိုက်ခင်းအတွက် အသုံးပြုစွမ်းအား စုသက်သာခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိခြင်း၊ ငွေကုန်ကျမှု သက်သာခြင်း၊ အထူးသဖြင့် သီးနှံအထွက်နှုန်းကောင်းခြင်းနှင့် သီးနှံအပျက်အစီးနည်းခြင်းစသည့် MJ သက်ကြီး ပဲပုပ်ကိုသာ ပိုမိုအားထား စိုက်ပျိုးလာကြကြောင်း တောင်သူများ ပဲပုပ်လုပ်ငန်းခွင်မှ သိရသည်။

သီးထပ်ပဲပုပ်စိုက်ပျိုးရေးဖြင့် စီးပွားရေးအဆင်ပြေ အောင်မြင်နေသူများမှ အင်ကြွင်းကုန်းကျေးရွာနေ တောင်သူ ဦးမြင့်အောင်-ဒေါ်တင်မှတ်တို့ ဇနီးမောင်နှံတို့အား တွေ့ဆုံမေးမြန်းခဲ့သည်။

မေး ။ ။ ဦးမြင့်အောင်-ဒေါ်တင်မှတ်ခင်ဗျား သီးထပ်ပဲပုပ်စိုက်ပျိုးရေး အောင်မြင်နေတယ်လို့ သိရပါတယ်။ စိုက်ပျိုးမှုအခြေအနေ၊ လုပ်ကိုင်ခဲ့တဲ့ လုပ်ငန်းအခြေအနေ အတွေ့အကြုံကို ပြောပြပါဦး ခင်ဗျား။

ဖြေ ။ ။ ပဲပုပ်စိုက်ခဲ့တာတော့ ကြာပါပြီ၊ စပါးရိတ်သိမ်းပြီးတာနဲ့ သီးထပ်ပဲပုပ်စိုက်ပျိုးရေးလုပ်ငန်းခွင်ဝင်တာပါပဲ၊ အရင်က ဒေသမျိုးလို့ဆိုတဲ့ ပဲပုပ်မျိုးကို မြေကောင်းတဲ့နေရာမှာ စိုက်ရပါတယ်။ ရာသီဒဏ်ခံနိုင်ရည်နည်းလို့ ကောင်းရင်အများဆုံး ၁၃ တင်းအထိပဲ ရခဲ့ပါတယ်။ ပုံမှန်မြေမှာ ရေဆင်း-၆လို့ခေါ်တဲ့ ပဲပုပ်ကိုလည်း စိုက်ခဲ့ပါတယ်။ သီးနှံအထွက်ကောင်းတယ်။ ပဲပုပ်စေ့က ၂၅ တင်းမှ ၃၅ တင်းအထိ ရတတ်ပါတယ်။ ဒေသအတွက် အကြိုက်ဆုံးဆိုရင်တော့ MJ သက်ကြီးပဲပုပ်မျိုးကို အကြိုက်ဆုံးပါပဲ။

မေး ။ ။ ဘာကြောင့်အကြိုက်ဆုံးဖြစ်ပါသလဲခင်ဗျာ။

ဖြေ ။ ။ MJ သက်ကြီးပဲပုပ်မျိုးဟာ ကျွန်တော်တို့ဒေသက ရာသီဥတုနဲ့ ကိုက်ညီမှုအရှိဆုံးဖြစ်ပါတယ်။ မြေကောင်းမြေလပ်ကို မရွေးရဘဲ မြေညံ့မှာစိုက်လို့ရတဲ့မျိုးမို့ အဆင်ပြေပါတယ်။ နေပူဒဏ်၊ မိုး ရေစွတ်စိုမှုဒဏ်ကိုလည်း ခံနိုင်ရည်ရှိပါတယ်။ အပင်အရင်းကနေ အပင်အဖျားအထိ အသီးအား အလွန်ကောင်းပါတယ်။ အသီးကွဲအက်ခြင်း မရှိဘဲ ပဲပုပ်အစေ့ကြီးပြီးလုံးတော့ အရောင်းအဝယ် ပိုမိုသွက်ပါတယ်။ တစ်ဧက တင်း ၃၀မှ ၄၀ ကျော်အထိ ရကြပါတယ်။ ဒါကြောင့် MJ သက်ကြီး မျိုးကိုပဲ စိုက်ပျိုးကြတာများပါတယ်။ ကျွန်တော်တို့ ပဲပုပ်စိုက်ခင်းဝန်းကျင်မှာ စိုက်ဧက ၅၀ ကျော်ရှိပါတယ်။

မေး ။ ။ ပဲပုပ်ဈေးကွက်မှာ အရောင်းအဝယ်ဘယ်လို ဈေးဖြစ်ပါသလဲခင်ဗျာ။

ဖြေ ။ ။ ဒီနှစ်ပဲပုပ်စေ့တစ်တင်းကို ကျပ် ၁၁၀၀၀ ဈေးဖြစ်ပါတယ်။ MJ ပဲပုပ်မျိုးအတွက်ဆိုရင် တစ်တင်း ကျပ် ၂၀၀၀၀ ဈေးအထိ ဖြစ်ပါတယ်။ သီးနှံတွေဖြစ်ထွန်းတော့ ကျွန်တော်တို့မိသားစု လယ်ထွန်စနစ်နဲ့ လုပ်ငန်းလုပ်ကိုင်နိုင်ကြပါပြီ။

မေး ။ ။ စိုက်ပျိုးတဲ့အခါ ဘယ်လိုနည်းနဲ့ စိုက်ပျိုးပါသလဲခင်ဗျာ။

ဖြေ ။ ။ တောင်သူတချို့က ပက်ကြဲ စနစ်စိုက်ပျိုးကြပြီး ကျွန်တော်ကတော့ စက်ထယ်မြောင်းပေးစနစ်နဲ့ မျိုးစေ့ချစိုက်ပျိုးခဲ့ပါတယ်။ ပေါင်းရှင်းသက်သာပြီး အပင်အား အသီးအား အထွက်ကောင်းကိုပဲ ကြုံတွေ့ခဲ့ရပါတယ်ဟူ၍ သီးထပ်ပဲပုပ်စိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်သူကို မေးမြန်းမှတ်စုပြုခဲ့ပါသည်။ **(ဝ၆၃)**

ပြည်တွင်းသတင်း

ယာဉ်ကြောပိတ်ဆို့မှုကို အကြောင်းပြု၍ ယာဉ်လိုင်းအချို့လမ်းကြောင်းပြောင်း

ရန်ကုန် ဖေဖော်ဝါရီ ၉

ယာဉ်ကြောပိတ်ဆို့မှုကို အကြောင်းပြု၍ ဘုရင့်နောင်ပွဲရုံနှင့် ဘုရင့်နောင်ဈေးတို့ကို ဖြတ်သန်းရသော ယာဉ်လိုင်းအချို့ လမ်းကြောင်းပြောင်းပြေးဆွဲနေသဖြင့် ခရီးသည်များ နေ့စဉ်အခက်အခဲနှင့် ရင်ဆိုင်နေကြရာ သက်ဆိုင်ရာမှ အရေးယူဖြေရှင်းပေးစေလိုသည်ဟု ခရီးသည်တင် ယာဉ်လိုင်းစီးနင်းသူများက ဆိုသည်။

ကမ္ဘာအေးဘက်မှလာသော ၃၃၃ အထူးယာဉ်လိုင်း၊ တာမွေမှလာသော ၄၈ အထူးယာဉ်လိုင်း၊ ရွှေဧည့်သည် ယာဉ်လိုင်း၊ ၈၀-၈၁ ဒိုင်နာယာဉ်လိုင်းများမှ ယာဉ်အချို့သည် သတ်မှတ်လမ်းကြောင်းအတိုင်း ပြေးဆွဲမှုမရှိဘဲ ဗဟိုလမ်းသစ်နှင့် ဗဟိုလမ်းဟောင်းတို့မှ ပြောင်းလဲပြေးဆွဲခြင်း၊ ၈၀-၈၁ ယာဉ်လိုင်းအချို့ ဘုရင့်နောင်လမ်းဆုံမှတစ်ဆင့် ပြန်လှည့်သွားခြင်းများ နေ့စဉ် ကြုံတွေ့နေရသော်လည်း အရေးယူခြင်းမရှိသဖြင့် ခရီးသည်များ ခြေကျင်လျှောက်ရခြင်း၊ ကားပြောင်းစီးရခြင်းဖြင့် အချိန်ကုန်၊ ငွေကုန်မှုများ နေ့စဉ်ကြုံတွေ့နေရသည်ဟု သိရသည်။

သက်ဆိုင်ရာ ယာဉ်လိုင်းအဖွဲ့အစည်းများက ယာဉ်လုပ်သားများ လိုက်နာရန် အချက် (၁၃၈)ချက်ကို ထုတ်ပြန်ထားသော်လည်း လိုက်နာမှု၊ အရေးယူမှုအားနည်းသဖြင့် ယာဉ်စီးခရီးသည်များ အခက်အခဲကြုံနေကြရာ သက်ဆိုင်ရာယာဉ်လိုင်းများမှ ပုဂ္ဂိုလ်များအနေဖြင့် ယနေ့ နေပူမရှောင်လုပ်ဆောင်နေသော ယာဉ်ထိန်းရဲများကဲ့သို့ ပွင့်လင်းမြင်သာစွာ အရေးယူ ဆောင်ရွက်သင့်ကြောင်း၊ ခရီးသည်များတိုင်မှ အရေးယူမည်ဆိုလျှင်လည်း အလွယ်တကူတိုင်ကြားနိုင်သော ဖုန်းနံပါတ်များကို ထင်ရှားသိသာစွာ ကြေညာသင့်ကြောင်း ပြောဆိုမှုများလည်း ရှိလာသည်။

မီးပွိုင့်လမ်းဆုံများတွင် ခရီးသည် မတင်ရဆိုသော်လည်း ရွှေဂုံတိုင်လမ်းဆုံ၊ ဆူးလေဘုရားအနီးရှိ အဝိုင်းမီးပွိုင့်အနီး မဟာဗန္ဓုလလမ်း၊ ဗိုလ်ဆွန်ပက်လမ်း ဝန်းကျင်တွင် ခရီးသည်များ တင်နေသည်ကို နေ့စဉ်မြင်တွေ့နေရဆဲဖြစ်ကြောင်း မြို့ထဲမှအလာ သီရိမင်္ဂလာဈေးသစ်မှတ်တိုင်အသစ်ကို အဆောက်အအုံအင်္ဂါရပ်နှင့်ပြည့်စုံစွာဖြင့် သက်ဆိုင်ရာက တည်ဆောက်ပေးထားသည်မှာ လချီကြာပြီဖြစ်သော်လည်း ပိတောက်ချောင်းခုံးပေါ်တွင်သာ ခရီးသည်အတင်အချပြုလုပ်နေသဖြင့် လိုင်းကားမရပ်သော မှတ်တိုင်ဖြစ်နေကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အရေးယူသည့်နည်းတူ ခရီးသွားများ သက်သာချောင်ချိစွာ သွားလာနိုင်ရေးအတွက် ခရီးသည်တင်ယာဉ်များ စည်းကမ်းရှိစွာ ပြေးဆွဲနိုင်ရန် အရေးယူဆောင်ရွက်ပေးခြင်းဖြင့် ပွင့်လင်းမြင်သာသော ယာဉ်လိုင်းများ ပြောင်းလဲမှုကို တွေ့မြင်လာနိုင်ပြီး ပြည်သူကိုဗဟိုပြုသော ခရီးသည် သယ်ယူပို့ဆောင်ရေးကဏ္ဍ ပေါ်ထွန်းလာနိုင်သည်ဟု ခရီးသွားများက ဆိုသည်။

(ခင်ဆိုင်)

အမြို့မြို့အနယ်နယ်မှ သည်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ။

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။
မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်။

ကျွန်မကအလယ်တန်းပြဆရာမတစ်ယောက်ဖြစ်ပြီး ကျွန်မတို့မြို့ရဲ့ အရှေ့မြောက်ဘက်(၆)မိုင်ခန့်အကွာမှာရှိတဲ့ ရွာလေးမှာ(၇)နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ ကျောင်းသွားလည်း နေနဲ့မျက်နှာချင်းဆိုင် ကျောင်းပြန်လည်းနေနဲ့မျက်နှာချင်းဆိုင်ပြီး စက်ဘီးစီးကာ ကျောင်းကိုသွားခဲ့ရပါသည်။ ဒါကြောင့်မို့ ကျွန်မမျက်နှာပါးပြင်နှစ်ဖက်စလုံးမှာ နေလောင်ပြီးတော့ အမဲကွက်ကလေးတွေဖြစ်လာပါတယ်။ တင်းတိပ်ပျောက်ဆေးအမျိုးမျိုးလိမ်းကြည့်တော့လည်း ခဏပဲသက်သာပါတယ်။ နောက်တော့ပြန်ပေါ်လာတာပါပဲ။ သူငယ်ချင်းတစ်ယောက်က "ကိုကော်ဝတ်ဆံသနပ်ခါးကိုလိမ်းကြည့်ပါလား၊တင်းတိပ်၊ဝက်ခြံတွေပျောက်တယ်"လို့ပြောလာပါတယ်။ စမ်းလိမ်းကြည့်လိုက်တာ လိမ်းပြီးနှစ်ပတ်လောက်အကြာမှာ တင်းတိပ်တွေပါးလာပြီး အရောင်ဖျော့လာပါတယ်။ကျွန်မဆက်ပြီးလိမ်းလိုက်တာ တစ်လလောက်အကြာမှာတော့ အမဲကွက်ကလေးတွေတဖြည်းဖြည်းနဲ့ပါးလာပြီး ပျောက်ကင်းသွားတာကိုဝမ်းသာကြည်နူးစွာနဲ့တွေ့ရပါတယ်။ ဒါကြောင့် ကျွန်မလိုပဲတင်းတိပ်ထွက်လို့စိတ်ညစ်ကြရသူတွေ ရွှေပြည်နန်းကိုကော်ဝတ်ဆံသနပ်ခါးကို လိမ်းကြည့်ပါလားလို့အကြံပြုလိုပါတယ်။ တစ်နေ့လုံးလည်း ရနံ့လေးသင်းပျံ့မွှေးကြိုင်နေပြီး နောက်ထပ်ဘာမိတ်ကပ်၊ ဘာပေါင်ဒါမှမလိုဘဲ တစ်နေ့လုံးဝင်းပနေတာလက်တွေ့ပါပဲရှင်။ မြန်မာ့သနပ်ခါးစစ်စစ်ကို ဂုဏ်ယူဝင့်ကြွားစွာနဲ့သုံးစွဲဖို့ မြန်မာနိုင်ငံရဲ့စစ်မှန်သောပစ္စည်းကောင်းတစ်ခုဖြစ်ကြောင်း ကိုယ်တွေ့ဖြစ်ရပ်လေးကို ရေးသားဖော်ပြလိုက်ပါတယ်။ ရွှေပြည်နန်းသနပ်ခါးအလုပ်ကုမ္ပဏီ အမွှေးရနံ့တည်တံ့ခိုင်မြဲပါစေ၊ မြန်မာပြည်သူတွေရဲ့အကျိုးကို ဆက်လက်ထမ်းဆောင်ရွက်နိုင်ပါစေလို့ ဆုမွန်ပြုလိုက်ပါတယ်။

ဒေါ်ခခခမာ (အလယ်တန်းပြ) အ.ထ.က (ဘဲများ) စီရင်စုကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။

ဒေါ်ဝေဝေမာ၏ပေးစာတွင် ဖော်ပြထားသော အကြောင်းအရာအချက်အလက်များမှာ မှန်ကန်သောဖြစ်ရပ်များဖြစ်ပါကြောင်းနှင့် ကျွန်မကိုယ်တိုင်သိရှိခဲ့သော မျက်မြင်ကိုယ်တွေ့အကြောင်းအရာများဖြစ်ပါကြောင်း ထပ်ဆင့်ထောက်ခံအပ်ပါသည်။

ဒေါ်ဇွေဇွေမာ-B.A (Myanmar)၊ အမှတ်-၁၀/၆၊ နယ်ထောက်လမ်း၊ ထွက်ပေါက်ရေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း။

ဖိတ်ခေါ်အပ်ပါသည်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

Halal Certificate

BFAD Philippines

FDA (Thailand)

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

ပြည်တွင်းပြည်ပအားကစား

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းများအား ပြည်ထောင်စုဝန်ကြီးတွေ့ဆုံအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၉

နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း၊ သက်တန်းအလိုက် လူငယ်လက်ရွေးစင်အသင်းများ၊ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့အား မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ယမန်နေ့ နေ့လယ်ပိုင်းတွင် MFF ရုံး၌ တွေ့ဆုံအားပေးခဲ့သည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ၂၀၁၃ ခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်နေမှုများကို ရှင်းလင်းပြောကြားပြီး လက်ရွေးစင်အသင်းများ၏ နိုင်ငံခြားသားနည်းပြများနှင့် မိတ်ဆက်ပေးသည်။ ယင်းနောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် ကြိုးစားကြရန်၊ ဘောလုံးအားကစားနည်းမှ ရွှေတံဆိပ်ဆုကို ပြည်သူများအားလုံးက မျှော်လင့်နေသောကြောင့် မလျှော့သောဇွဲလုံ့လတို့ဖြင့် အစွမ်းကုန်ကြိုးစားကြရန် စသည်ဖြင့် မှာကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မြန်မာ့လက်ရွေးစင် ကစားသမားများနှင့်နည်းပြများအား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် မိတ်ဆက်ပေးသည်။ (ဓာတ်ပုံ)

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လက်ရွေးစင်အသင်းများကို နိုင်ငံခြားနည်းပြခန့်အပ်ထားပြီး အမျိုးသား ယူ-၁၄ အသင်းကို အီရှီမာ (ဂျပန်)၊ ယူ-၁၆ အသင်းကို မားကိုစ် (ဘရာဇီး)၊ ယူ-၁၉ အသင်းကို ဂတ်ဖရိုင်းဒရစ်(ဂျာမနီ)၊ ယူ-၂၃ အသင်းနှင့် လက်ရွေးစင်အသင်းကို နည်းပြချုပ် ပတ်ဆောင်ဟွာ(တောင်ကိုရီးယား)နှင့် ကြံ့ခိုင်ရေးနည်းပြ ဟာဟေဂျွန် (တောင်ကိုရီးယား)၊ အမျိုးသမီးလက်ရွေးစင်အသင်းကို တူမာစီ(ဂျပန်)၊ ဖူဆယ်အသင်းများကို အီရန်လူမျိုး နည်းပြနှစ်ဦးတို့က ကိုင်တွယ်လျက်ရှိသည်။

သတင်းနှင့်ဓာတ်ပုံ- စိုးညွန့်

နွေရာသီအခြေခံရေကူးသင်တန်း ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရေကူးအားကစားနည်း တိုးတက်ပြန့်ပွားလာသည်နှင့်အမျှ ရေကူးကျွမ်းကျင်သူ၊ စံချိန်စံညွှန်းကောင်းသူ မျိုးဆက်သစ် ရေကူးအားကစားသမားများ ပေါ်ထွက်လာမည်ဖြစ်ပြီး နိုင်ငံကိုယ်စားပြု အားကစားသမားများ မွေးထုတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၁၃ ခုနှစ် နွေရာသီအခြေခံ ရေကူးသင်တန်းကို မတ် ၁ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်ကြားပေး

အဆိုပါသင်တန်း၌ မျိုးဆက်သစ် ၁၂ နှစ်အောက် ကလေးများအတွက် တစ်နေ့ ရှစ်ချိန်ခွဲခြား၍ သင်ကြားမည်ဖြစ်ရာ နံနက်ပိုင်းတွင် ၆ နာရီခွဲမှ ၈ နာရီ၊ ၇ နာရီခွဲမှ ၉ နာရီ၊ ၈ နာရီခွဲမှ ၁၀ နာရီ၊ ၉နာရီခွဲ မှ ၁၁ နာရီ၊ မွန်းလွဲပိုင်းတွင် ၁ နာရီခွဲ မှ ၃ နာရီ၊ ၂ နာရီခွဲ မှ ၄ နာရီ၊ ၄ နာရီမှ ၅ နာရီ၊ ၅ နာရီမှ ၆ နာရီ အသီးသီးသင်ကြားပေးသွားမည်ဖြစ်သည်။

ရွေးချယ်ခွင့်

အမျိုးသား အမျိုးသမီး ၁၂ နှစ်အထက် သင်တန်းကို တစ်နေ့နှစ်ကြိမ် သင်ကြားမည်ဖြစ်ရာ နံနက်ပိုင်းတွင် အမျိုးသားအတွက် နံနက် ၉ နာရီခွဲမှ ၁၁ နာရီအထိ၊ အမျိုးသမီးများအတွက် နံနက် ၈ နာရီခွဲမှ ၁၀ နာရီအထိ၊ မွန်းလွဲပိုင်းတွင် အမျိုးသမီးများအတွက် ၁ နာရီခွဲ မှ ၃ နာရီအထိနှင့် အမျိုးသားများအတွက် ၂ နာရီခွဲမှ ၄ နာရီဖြစ်ကာ စနေနေ့နှင့် တနင်္ဂနွေနေ့များကို သင်တန်းပိတ်ရက် သတ်မှတ်ထားသည်။

သင်တန်း တက်ရောက်လိုပါက ဖေဖော်ဝါရီ ၂၈ ရက်နောက်ဆုံးထား၍ သင်တန်းကြေး ငွေကျပ် ၂၅၀၀၀ ဖြင့် အမျိုးသားရေကူးကန်၌ ပေးသွင်းရမည်ဖြစ်သည်။ သင်တန်းသားဦးရေ ကန့်သတ်ထားကြောင်းနှင့် နှစ်သက်ရာ သင်တန်းချိန်ကို ရွေးချယ်ခွင့်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန်ယူကစားကွက် ကာဂါဝါ မကျေနပ်

မန်ယူနှင့်ကစားရသည်မှာ ယခုအထိ ကျေနပ်မှုမရသေးကြောင်း ကာဂါဝါက ထုတ်ဖော်ပြောကြားလိုက်သည်။ အသက် ၂၃ နှစ်ရှိ ကွင်းလယ်ကစားသမား ကာဂါဝါသည် ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်မှ မန်ယူသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။

ဆန်တာခရုဇ် မန်စီးတီးမှ ထွက်ခွာမည်ဟုဆို

စပိန်ကလပ် မာလာဂါအသင်းသို့ ဆက်လက်အငှားချထားလျှင် ယခုနှစ် ဘောလုံးရာသီကုန်ဆုံးပါက မန်စီးတီးအသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း ပါရာဂွေးတိုက်စစ်မှူး ဆန်တာခရုဇ်က ပြောကြားသည်။ ၎င်းအား မန်စီးတီးက ၂၀၀၉ ခုနှစ်တွင် ပေါင် ၁၇ ဒသမ ၅ သန်းဖြင့် ဘလက်ဘန်းမှ ဝယ်ယူထားခြင်းဖြစ်သည်။

ရာဖေးလ်နာဒယ် အကြိုဗိုလ်လုပွဲတက်

စပိန်နာမည်ကြီး တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် ချီလီ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် တစ်နိုင်ငံတည်းသား ဒါနိုင်းဂျီမီဒိုအား ၆-၁၊ ၆-၄ ဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမားဟောင်း ရာဖေးလ်နာဒယ်သည် ဒူးခေါင်း အနာတရဖြစ်ခဲ့မှုကြောင့် ခုနစ်လကြာ ပြိုင်ပွဲများနှင့်လွဲချော်ခဲ့ရသည်။ အသက် ၂၆ နှစ်ရှိ ရာဖေးလ်နာဒယ်သည်အကြိုဗိုလ်လုပွဲတွင် ပြင်သစ်မှ ချာဒီ သို့မဟုတ် အီတလီမှ လောရစ်ဇီနှင့် တွေ့နိုင်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
နေပြည်တော်
ရတနာပြပွဲများတွင်ကျောက်စိမ်းအရိုင်းတွဲများတင်ပြရောင်းချခဲ့သော ဖက်စပ်ကျောက်စိမ်းတွဲပိုင်ရှင်များအတွက် အသိပေးကြေညာချက်
၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၅)ရက်
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်စိမ်းဖက်စပ်လုပ်ငန်းမှ တူးဖော်ရရှိသော ကျောက်စိမ်းအရိုင်းများကို ရတနာပြပွဲများတွင် တင်ပြရောင်းချပေးခဲ့ပါသည်။

